www.burmeseclassic.com

အစိမ်းရောင်မှတ်စု
စာအုပ်စဉ် (၉)
၂၀၁၅

GREEN MEMO



BURMESE CLASSIC .com

မြင့်မိုရ်မေတ္တာ(လှိုင်ကော်)

# Interview with Helena Norberg-Hodge

by Daniel C. Wahl

www.burmeseclassic.com

www.burmeseclassic.com

အစိမ်းရောင်မှတ်စု
စာအုပ်ငယ် (၉)

# ကမ္ဘာမြေသို့ အနမ်းများစွာ

ဟဲလင်နာ၏ ကမ္ဘာသစ်တေးလက်ဆောင်

Interview with Helena Noberg Hodge
by
Daniel C.Wahl

မြင့်မိုရ်မေတ္တာ (လှိုင်ကော်) ဘာသာပြန်ဆိုသည်။

Member Only

www.burmeseclassic.com

www.burmeseclassic.com

# ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံး ဒီဇိုင်း

Edward Than (et)

BURMESE CLASSIC

အုပ်ရေ

၁၀၀၀

ပုံနှိပ်ခြင်း

(၂၀၁၁) ခုနှစ်၊ မတ်လ (ပထမအကြိမ်–GSM)

(၂၀၁၅) ခုနှစ်၊ ဩဂုတ်လ (ဒုတိယအကြိမ်–အလင်းအိမ်)

ဖွံ့ဖြိုးရေးသင်တန်း၊ ဆွေးနွေးပွဲများတွင် သုံးရန်ဖြစ်သည်။

www.burmeseclassic.com

P-011B

www.burmeseclassic.com

# ထုတ်ဝေရခြင်းအကြောင်း

“တိုးတက်ခြင်း”၊ “တန်ဖိုးရှိခြင်း”၊ “ပျော်ရွှင်ခြင်း”၊ “အောင်မြင်ခြင်း” စတဲ့ လူ့ဘဝမှာ ရသင့်တဲ့အရာတွေကို ဒီစာအုပ်လေးမှာ ဆွေးနွေးထားပါတယ်။ ဖတ်ရှု စဉ်းစား၊ သုံးသပ်နိုင်ဖို့ မျှော်လင့်ရင်း ထုတ်ဝေလိုက်ရတာပါ။

အယ်ဒီတာအဖွဲ့
အလင်းအိမ်စာအုပ်ထုတ်ဝေရေး

www.burmeseclassic.com

www.burmeseclassic.com

## ဘာသာပြန်သူ၏ ဒုတိယအကြိမ်အမှာစာ

အလင်းအိမ်က ဒီစာအုပ်ကိုပြန်ထုတ်ချင်တယ် ပြောလာလို့ အစအဆုံး အသေအချာ ပြန်ဖတ်ကြည့်တယ်။ လက်ရှိကျွန်တော်တို့မြန်မာနိုင်ငံအခြေအနေနဲ့ ကိုက်ညီမှုရှိသေးရဲ့လား။ နောက်ကျသွားပြီလားဆိုတာကို သိချင်ဇောကြောင့်ရယ်၊ ဆရာနော်အောင်ကိုယ်တိုင် ပြန်ဖတ်ကြည့်ခိုင်းတာကြောင့်ရယ်ပါ။ မူရင်းစာမူကိုလည်း ပြန်ဖတ်ဖြစ်တယ်။

အကြောင်းအရာတွေဟာ ဒီဘက်ခေတ်နဲ့ လုံးဝ အံဝင်ခွင်ကျဖြစ်နေတုန်းပဲဆိုတာကို ကျွန်တော်ခံစားမိလိုက်တယ်။ အထူးသဖြင့် တိုင်းရင်းသားတွေ မှီတင်းနေထိုင်ကြတဲ့ မြန်မာနိုင်ငံသူ၊ နိုင်ငံသားတွေအဖို့ ဒီစာအုပ်ထဲက ဆရာမ ဟဲလင်နာမြင်တဲ့ အမြင်မျိုးကို စဉ်းစားတွေးမိဖို့လိုတယ်။

ကျွန်တော်တို့မြန်မာနိုင်ငံဟာ သဘာဝသယံဇာတတွေ ပေါကြွယ်ဝတဲ့ နိုင်ငံဖြစ်တယ်။ ထိုနည်းတူ အဲဒီသဘာဝသယံဇာတတွေကို ရောင်းစားပြီး နိုင်ငံတော်ရဲ့ စီးပွားရေး၊ ပြန်လည်ထူထောင်ရေး၊ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးရေးတွေကို လုပ်နေတယ်။ တကယ်ရော လမ်းကြောင်းမှန်ပေါ် ရောက်ပြီလားဆိုတာ အစိုးရတာဝန်ရှိသူတွေရော၊ တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံးက ပြန်ပြီးဆင်ခြင်သုံးသပ်ဖို့ လိုတယ်။ ကိုယ်အဆင်ပြေရင်ပြီးရော သူများတွေ ဒုက္ခရောက်ပါစေလို့ ဆုမတောင်းရင်တောင် ကိုယ်လုပ်တဲ့လုပ်ရပ်တွေကြောင့် အမှန်တကယ်ဖြစ်လာမှာ သေချာတယ်။

ကျွန်တော်တို့ ရောင်းစားနေတဲ့ သဘာဝသယံဇာတတွေက အောက်ဆီဂျင်တွေ ထုတ်ပေးတယ်။ ကာဗွန်ဒိုင်အောက်ဆိုဒ်ကို စုပ်ယူပေးတယ်။ ရေ အရင်းအမြစ်တွေကို ထိန်းသိမ်းပေးတယ်။ တိုင်းရင်းသားပြည်သူလူထုတွေရဲ့ အသက်မွေးဝမ်းကြောင်းမှုတွေကို လုံခြုံစိတ်ချစေတယ်။ ကုန်ကုန်ပြောရရင် တချို့တိုင်းရင်းသားတွေအဖို့ ဒီတောဒီတောင်၊ ဒီရေဒီမြေက သူတို့ရဲ့ ဘဝ၊ အသက်သွေးကြောပဲ။ မူလဇစ်မြစ်ပဲ။ ယဉ်ကျေးမှုဓလေ့ထုံးစံတွေရဲ့ မူလအစပဲ။

www.burmeseclassic.com

www.burmeseclassic.com

ကိုးကွယ်ယုံကြည်မှုရဲ့ အသည်းနှလုံးပဲ၊ အဲဒါတွေကို ရောင်းစားပြီး အနောက်နိုင်ငံပုံစံကို ဖန်ချင်သလိုဖန်နိုင်မလား၊ တိုးတက်ချင်လို့ ရမလား။ တိုင်းရင်းသားခေါင်းဆောင်တွေကိုယ်တိုင်လည်း စဉ်းစားသင့်တယ်။ အဲဒီ သဘာဝတောတောင်တွေမရှိတော့ဘဲ ဖက်ဒရယ်ရရင်တော့ ဘာလုပ်မှာလဲ အဲဒီဖက်ဒရယ်ကြီးကို။ ဖက်ဒရယ်ရပြီးမှ ရေတာမရှိ တောတပြောင်၊ မြေပေါ် မြေအောက် ဘာမှ စိုက်ပျိုးစားသုံးလို့မရရင် ဘာလုပ်ရမှာလဲ။ စဉ်းစားစရာဖြစ်တယ်။ အဲဒါကို တွေးမိအောင် ဒီစာအုပ်က လမ်းစပေးတယ်။

ဘာသာရေးခေါင်းဆောင်တွေလည်း ဖတ်သင့်တယ်။ နိဗ္ဗာန်ရောက်ဖို့ ကောင်းကင်ရောက်ဖို့ချည်း ဟောမနေသင့်ဘူး။ ဒီလောကမှာ ဘယ်လိုသင့်မြတ်အောင်နေကြမလဲ။ ဘယ်လိုလောဘတွေ လျှော့မလဲ။ အာဃာတတွေ လျှော့မလဲ။ မှန်တာကိုလုပ်ဖို့ ဘယ်လိုဟောမလဲ။ ကျေးလက်ဒေသသာမရှိရင် ခေတ်မီတဲ့မြို့ပြလည်း အလကားဖြစ်မှာပဲ။ သဘာဝတောတောင်တွေ၊ ရေတွေ၊ ကောင်းမွန်တဲ့ ရာသီဥတုတွေ မရှိတော့ရင် ဘာတွေဆက်လုပ်လို့ရဦးမယ်လို့ ထင်သလဲ။

မီးပျက်ရင် လောင်စာဆီတွေကုန်ရင် အကုန်လုံးရပ်တန့်သွားတော့မယ့် ခေတ်ထဲမှာနေပြီး လူသားအားလုံးပျော်ရွှင်ဖို့၊ ကျန်းမာဖို့၊ သင့်မြတ်ဖို့၊ လူသားဆန်ဖို့ မကြိုးစားရင်၊ မလုပ်ဆောင်ရင် ကျွန်တော်လူဖြစ်နေလို့လည်း အလကားပဲလို့ တွေးမိစေတဲ့ အင်တာဗျူးတစ်ခုပါပဲလို့ ပြောချင်ပါတယ်။

မြင့်မိုရ်မေတ္တာ (လှိုင်ကော်)

www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


အခန်း (၁) နိဒါန်း [redacted]

အခန်း (၂) လာဒါတ်မှ သင်ယူခြင်း [redacted]

အခန်း (၃) ဒေသခံအစားအစာဆိုင်ရာစီးပွားရေး [redacted]

အခန်း (၄) ‘ကမ္ဘာပတ်မယ်’ မှ ‘ရွာပြန်မယ်’ သို့ [redacted]

အခန်း (၅) ဒေသမူပြုခြင်းနှင့် ဇီဝရပ်ဝန်း [redacted]

အခန်း (၆) ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ခြင်း [redacted]


www.burmeseclassic.com

www.burmeseclassic.com

# မာတိကာ


အခန်း (၇) စီးပွားရေးဂလိုဘယ်လိုက်ဖေးရှင်း [redacted]

အခန်း (၈) ဒေသမှုပြုခြင်း၏ နည်းဗျူဟာများ [redacted]

အခန်း (၉) ဒေသပိုင်ငွေကြေးစနစ် [redacted]

အခန်း (၁၀) ဂေဟစနစ်၏ အခန်းကဏ္ဍ (၁) [redacted]

အခန်း (၁၁) ဂေဟစနစ်၏ အခန်းကဏ္ဍ (၂) [redacted]

အခန်း (၁၂) လူသားတန်ဖိုး [redacted]


www.burmeseclassic.com

www.burmeseclassic.com






လာဒါတ်ဒေသတည်နေရာပြမြေပုံ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁)

## နိဒါန်း
## (Introduction)

မေး- ကျွန်တော်တို့ရဲ့ အင်တာဗျူးကို လက်ခံဖြေဆိုပေးမယ်ဆိုတာ သိရလို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ ဆရာမရဲ့ ကိုယ်ရေးရာဇဝင်နဲ့ အစပြုလိုက်ရင် ကောင်းမယ်ထင်ပါတယ်။

ဖြေ- ကျွန်မနာမည် ဟဲလင်နာနောဘတ်ဟော့ဂျ် (Helena Noberg- Hodge) လို့ခေါ်ပါတယ်။ ဂေဟကမ္ဘာနှင့် ယဉ်ကျေးမှုအတွက် အပြည်ပြည်ဆိုင်ရာ လူ့ဘောင်အဖွဲ့အစည်း (International Society for Ecology and Culture or ISEC) ရဲ့ တည်ထောင်သူတစ်ဦးဖြစ်သလို ဦးဆောင်ဒါရိုက်တာ တစ်ဦးလည်း ဖြစ်ပါတယ်။ ဒ့ါအပြင် ကမ္ဘာချိတ်နစ်ဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ဖိုရမ် (International Forum on Globalization), ကမ္ဘာလုံးဆိုင်ရာ ဂေဟကျေးရွာကွန်ရက် (the Global Ecovillage Network), အီတလီအခြေစိုက် အနာဂတ်အစားအစာဆိုင်ရာ အပြည်ပြည်ဆိုင်ရာ

www.burmeseclassic.com



ကော်မရှင် (the International Commission on the Future of Food in Italy), ဂေဟာစနစ်နဲ့ လျော်ညီသော ဥရောပ (Ecological Europe) စတဲ့ အဖွဲ့အစည်းတွေကို တည်ထောင်ခဲ့တဲ့ လူတွေထဲမှာလည်း တစ်ဦးအပါအဝင် ဖြစ်ပါတယ်။ ပြီးတော့ ကျွန်မက ငြိမ်းချမ်းရေးနိုဗယ်ဆုနဲ့ ခိုင်းနှိုင်းလို့ရတဲ့ သမ္မာအာဇီဝကျသော ဘဝနေထိုင်မှုဆိုင်ရာ အနေမှန်ဆု (Right Livelihood Award) ကိုလည်း Vandana Shiva (အိန္ဒိယအမျိုးသမီး) နှင့် Amory Lovins တို့နဲ့အတူ ပေးအပ်ချီးမြှင့်ခြင်းခံရတာကိုလည်း ဂုဏ်ယူမိပါတယ်။ အော်တာနေးတစ်နိုဗယ်ဆုရှင်တွေရဲ့ အသိုင်းအဝိုင်းထဲမှာ အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်ရခြင်းဟာလည်း ကျွန်မကို ပီတိဖြစ်စေတဲ့အရာပါ။

Ancient Future လို့ အမည်ပေးထားတဲ့စာအုပ်နဲ့ ရုပ်ရှင်ကို ရေးသားထုတ်ဝေခဲ့သူလည်း ဖြစ်ပါတယ်။ (မြန်မာဘာသာဖြင့် ရှေးမှုမပျက် ခေတ်သစ်လူ့ဘောင်အမည်ဖြင့် ပြန်ဆိုထားပြီးဖြစ်ပါသည်) အဲဒီစာအုပ်နဲ့ ရုပ်ရှင်က ဘာသာပေါင်း (၅၀) ကျော်နဲ့ ပြန်ဆိုထားကြပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ထောင်ပေါင်းများစွာသော လူ့အဖွဲ့အစည်းတွေက ဒေသမှုပြုရေး (Localization) လုပ်ဆောင်တဲ့အခါနဲ့ လူမှုအဖွဲ့အစည်းကို တည်ဆောက်တဲ့အခါမှာ လူမှုရေးဆိုင်ရာ (social)၊ ဂေဟာဗေဒဆိုင်ရာ (ecological)၊ စင်ကြယ်သောစိတ်ဆိုင်ရာ (spiritual) နဲ့ စီးပွားရေးဆိုင်ရာ (economical) ငြင်းခုံမှုတွေ ရှိလာတဲ့အတွက် စံနမူနာထားပြီး ဆွေးနွေးရမယ့် အကြောင်းအရာတွေ၊ တန်ဖိုးထားရမယ့်ဟာတွေကို တွေ့ရှိသွားစေခဲ့လို့ ဖြစ်ပါတယ်။

ကမ္ဘာတစ်ဝှမ်းမှာ ဒေသထွက်အစားအစာလှုပ်ရှားမှုတွေ ပေါ်ပေါက်လာဖို့ အစပြုကူညီပေးမှုတွေကို ကျွန်မလုပ်ဆောင်ခဲ့ရပါတယ်။ ပြီးတော့ ဒေသခံလူမှုအဖွဲ့အစည်းတွေ၊ ဒေသခံပိုင်တဲ့ စီးပွားရေးလုပ်ငန်းတွေကို ပြန်လည်ထူထောင်လိုကြတဲ့ ကမ္ဘာတစ်ဝှမ်းက လုပ်ဖော်ဆောင်ဖက်ကောင်းများစွာနဲ့လည်း ခင်မင်ရင်းနှီးခွင့်ရခြင်းဟာ ကျွန်မအတွက်တော့ အဖိုးမဖြတ်နိုင်တဲ့ မင်္ဂလာတစ်ပါးပါပဲ။ အဲဒါကို ကျွန်မက ပျော်ရွှင်မှုဆိုင်ရာ စီးပွားရေး (Economi-



www.burmeseclassic.com

www.burmeseclassic.com



cs of Happiness) လို့ နာမည်ပေးထားပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သဘာဝနဲ့ပြန်ပြီး ဆက်သွယ်နီးစပ်သွားခြင်း၊ ပျော်ရွှင်သောလူ့အဖွဲ့အစည်းများ ပြန်လည်တည်ဆောက်ခြင်းတွေကို လုပ်ဆောင်ရင်းနဲ့ လူတွေပျော်ရွှင်ကြလို့ပဲ ဖြစ်ပါတယ်။ အဲဒီအကြောင်းတွေကို တင်ပြထားတဲ့ မှတ်တမ်းရုပ်ရှင်တစ်ကားကိုလည်း ရေးသားရိုက်ကူးခဲ့ပါသေးတယ်။ အဲဒီခေါင်းစဉ်ကိုပဲ ပေးထားပါတယ်။ **ပျော်ရွှင်မှုဆိုင်ရာ စီးပွားရေး** ဆိုပြီးတော့လေ။

📖 📖 📖



www.burmeseclassic.com

www.burmeseclassic.com





လာဒါတ်ဒေသရှိ ဘာသာရေးအဆောက်အဦ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၂)

## လာဒါတ်မှ သင်ယူခြင်း
## (Learning from Ladakh)

မေး- "လာဒါတ်မှ သင်ယူခြင်း" ဆိုတဲ့ စာအုပ်နဲ့ မှတ်တမ်းရုပ်ရှင် ရိုက်ကူးခြင်း အကြောင်းရင်းကို ပြောပြပေးလို့ ရနိုင်မလားခင်ဗျာ။ ပြီးတော့ ဆရာမတို့ အဖွဲ့အစည်းက ဘာတွေ လုပ်ဆောင်နေသလဲဆိုတာကိုလည်း တစ်ဆက်တည်း ပြောပြပေးပါခင်ဗျာ။

ဖြေ- ပထမဆုံးအကြိမ် လာဒါတ် (သို့) တိဘက်ပြည်ငယ်လေးကို ရောက်ခဲ့တုန်းက မနုဿဗေဒဆိုင်ရာ ဂျာမန်ရုပ်ရှင်အဖွဲ့ဝင် တစ်ယောက် အဖြစ်နဲ့ပါ။ အမှုမဲ့အမှတ်မဲ့လို့ ပြောရမလား။ သို့ပေမယ့် ကျွန်မက ဘာသာ စကားနဲ့ဆိုင်တဲ့ ပါရမီတော့ရှိပါတယ်။ လာဒါတ်လို့ခေါ်တဲ့ ဒီနေရာကို အရင်က ကျွန်မတစ်ခါမှ မကြားခဲ့ဖူးဘူး။ တိဘက်နိုင်ငံရဲ့ အနောက်ပိုင်းမှာရှိတဲ့ ဝေးလံ ခေါင်သီတဲ့ ဒေသတစ်ခုဖြစ်ပါတယ်။ အဲဒီလို ခက်ခဲကြမ်းတမ်းတဲ့ ခရီးစဉ် တစ်လျှောက်လုံးမှာ အဲဒီမှတ်တမ်းရုပ်ရှင်အဖွဲ့နဲ့ လိုက်ပါသွားဖို့ ဖိတ်ခေါ်ခြင်း



www.burmeseclassic.com

www.burmeseclassic.com



ခံရတယ်။ အဲဒီလိုလိုက်ပါခြင်းက အနောက်ကမ္ဘာသားတွေအတွက် အဲဒီဒေသကိုဝင်ရောက်ဖို့ တံခါးစဖွင့်ပေးလိုက်သလို ဖြစ်သွားတယ်။ သူတို့က လာဒါတ်ဘာသာစကားကို အမြန်တတ်ကျွမ်းနိုင်တဲ့လူကို လိုချင်နေတဲ့အချိန် ဖြစ်နေတယ်။ ဒါကြောင့် ကျွန်မလည်း အဲဒီမှာ မှတ်တမ်းရုပ်ရှင်အဖွဲ့နဲ့ ခြောက်လလောက်နေပြီးရင် ပြင်သစ်ကိုပြန်ရမှာပဲလို့ တွေးမိပြီး သဘောတူခဲ့တာဖြစ်ပါတယ်။ ဒါနဲ့ပဲ ကမ္ဘာရဲ့ အစိတ်အပိုင်းတစ်ခုထဲက ကိုလိုနီပြုခြင်း မခံရတဲ့ နေရာ (သို့) မဖွံ့ဖြိုးတဲ့နေရာ တစ်နည်းအားဖြင့် အနောက်ကမ္ဘာရဲ့ ဆိုးကျိုးတွေကို မခံစားခဲ့ရတဲ့နေရာလို့ ပြောလို့ရတဲ့ နေရာဒေသ (လာဒါတ်) ကို ကျွန်မရောက်သွားတော့တယ်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း (၁၂၀၀၀) ကျော်လောက်မှာရှိတဲ့ ဟိမဝန္တာတောင်တန်းထဲက ကန္တာရတစ်ခုထဲကို ကျွန်မရောက်သွားသလို ခံစားရတယ်။ အဲဒီမှာနေတဲ့ လူမျိုးစုတွေဟာ ရှားပါးတဲ့ အရင်းအမြစ် (သဘာဝ တောတောင်)တွေအပေါ်မှာမှီခိုပြီး နေထိုင်စားသောက်ကြတယ်။ ဘာဖြစ်လို့လည်းဆိုရင် သူတို့တွေဟာ သူတို့ရဲ့လိုအပ်ချက်တွေကိုသာ ဖြည့်တင်းပေးတဲ့ စီးပွားကုန်သွယ်မှုကို လုပ်ဆောင်ကြတယ်။ သူတို့စီးပွားရေးက အဆင့်အတန်းမြင့်တယ်လို့ ကျွန်မတို့အများစုက သတ်မှတ်ကြတဲ့ လှပတဲ့အိမ်ကြီးတွေ၊ လှပတန်ဖိုးကြီးတဲ့ လက်ဝတ်ရတနာတွေ သူတို့စိတ်မဝင်စားဘူး။ လိုသလောက်ရနိုင်တဲ့ ဇိမ်ခံပစ္စည်းတွေရှိတဲ့ ဈေးကွက်ကို သူတို့ထိုးဖောက်ဖို့ လုံးဝမစဉ်းစားခဲ့ကြဘူး။ ဒါကြောင့် ကျွန်မက အဲဒီယဉ်ကျေးမှုနဲ့ လူမျိုးကို စိတ်ဝင်စားသွားတယ်။ အဲဒီမှတ်တမ်းရုပ်ရှင် ပြီးသွားတဲ့အထိ လာဒါတ်မှာ ကျွန်မနေထိုင်ခဲ့တယ်။ ပြီးတော့ သူတို့စကားကိုလည်း ကောင်းကောင်းပြောနိုင်သွားတော့တယ်။

နောက်နှစ်အနည်းငယ်အကြာမှာ ဘာသာစကားသာရှိပြီး စာပေမရှိတဲ့ အဲဒီလူမျိုးအတွက် စာပေတီထွင်တဲ့ အလုပ်ကို လုပ်တဲ့အခါမှာ လူတွေနဲ့တွေ့ဆုံရတော့တယ်။ အဲဒီမှာ ကျွန်မ တစ်ခါမှမတွေ့ဘူးတဲ့ အပျော်ဆုံးလူသားတွေကို တွေ့လိုက်ရတယ်။ နောက်တော့ အဲဒီနေရာလေးဟာ ခရီးသွားလုပ်ငန်းတွေနဲ့



www.burmeseclassic.com

www.burmeseclassic.com



အနောက်တိုင်းသားတွေကို ဆွဲဆောင်တဲ့နေရာ ဖြစ်သွားတယ်။ အပြင် (ပြင်ပ) လူတွေအားဖြင့် အပြောင်းအလဲလုပ်ခံလိုက်ရတယ်လို့ ဆိုနိုင်ပါတယ်။ အိန္ဒိယ အစိုးရရဲ့ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းတွေကို လက်သင့်ခံလိုက်ရတယ်။ (အဲဒီ တုန်းက တိဘက်ဟာ နိုင်ငံရေးအရ အိန္ဒိယက ပိုင်ပါတယ်) နောက်ပိုင်းမှာတော့ ဖွံ့ဖြိုးတိုးတက်ရေးက လွန်ခဲ့တဲ့ နှစ်ထောင်ပေါင်းများစွာကတည်းက မရှိခဲ့တဲ့ **အလုပ်လက်မဲ့ပြဿနာကို ယူဆောင်လာပေးပါလားဆိုတာ** ကျွန်မတွေ့လိုက်ရ တော့တယ်။ အလုပ်လက်မဲ့ပြဿနာကို ဖြေရှင်းဖို့ လူငယ်တွေ အလုပ်ရဖို့အတွက် ပညာသင်ကြားရခြင်းတွေကလည်း လူငယ်တွေကြားမှာ၊ မိသားစုတွေကြားမှာ ပြိုင်ဆိုင်မှုတွေကို ဖန်တီးပေါ်ပေါက်စေပါတော့တယ်။ (အဲဒီဒေသမှာ အပြိုင်အဆိုင်ဆိုတာက လွန်ခဲ့တဲ့နှစ်ပေါင်းငါးရာ၊ တစ်ထောင်လောက်က လုံးဝ မရှိခဲ့တာပါ) အဲဒီ ပြိုင်ဆိုင်မှုတွေကြောင့်ပဲ ဒေသခံလူတွေဟာ တစ်ယောက်နဲ့ တစ်ယောက် စတင်တိုက်ခိုက်လာပါတော့တယ်။ ရုတ်တရက်ဆိုသလိုပဲ ခြားနားမှု မတူညီမှု (မတူဘူး၊ မတန်ဘူးဆိုတဲ့အတွေး) တွေကို တွေးလာမြင်လာကြတယ်။ ခြားနားတယ် (ငါတို့နဲ့ မတူဘူး) ဆိုတဲ့ အဖွဲ့တွေ ပေါ်လာကြတော့တယ်။

ဗုဒ္ဓဘာသာဝင်နဲ့ မွတ်စလင်ဘာသာဝင်တွေဟာ အရင်တုန်းက ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်လာခဲ့ကြပေမယ့် အဲဒီလိုအချိန်ခါမှာ တစ်အုပ်စုနဲ့ တစ်အုပ်စု စတင်မုန်းတီးမှုတွေ ဝင်လာတယ်။ တိုက်ခိုက်တတ်လာ တယ်။ ဆယ်စုနှစ်တစ်ခုအတွင်းမှာပဲ ဖွံ့ဖြိုးရေးကြောင့် အလုပ်လက်မဲ့ပြဿနာနဲ့ အတူ တစ်ခါမှမရှိခဲ့ဖူးတဲ့ ပဋိပက္ခတွေ ပေါ်ပေါက်လာပါတော့တယ်။ တစ်ဆက် တည်းမှာပဲ ဖွံ့ဖြိုးမှုအဆင့်တိုင်းမှာ ညစ်ညမ်းမှုတွေ၊ မသမာမှုတွေ ရှိလာ၊ ဖြစ်လာ တယ်။ ဒါကြောင့် ကျွန်မလည်း ဒေသခံလူတွေနဲ့အတူ အနောက်အုပ်စုတွေနဲ့ အခြားသောကမ္ဘာအရပ်ရပ်က ပြောနေလုပ်နေကြတဲ့ ပင်မရေစီးကြောင်းအဲဒီ ဖွံ့ဖြိုးရေးဆိုတာကြီးကို မေးခွန်းထုတ်၊ စစ်တမ်းလုပ်တဲ့ အစီအစဉ်တို့ စတင် လုပ်ဆောင်ခဲ့တယ်။ ဒါကြောင့် ကျွန်မတို့ရဲ့ အဖွဲ့အစည်းဖြစ်တဲ့ (International Society for Ecology and Culture or ISEC) ဟာ လွန်ခဲ့တဲ့ ဆယ်စုနှစ်သုံးခု

www.burmeseclassic.com



လောက်ကတည်းက မြောက်ကမ္ဘာခြမ်းနဲ့ တောင်ကမ္ဘာခြမ်းအပါအဝင် ကမ္ဘာတစ်ဝှမ်းလုံးမှ လောင်စာဆီကို ဗဟိုပြုမှု၊ ဗဟိုဦးစီး (ဗဟိုမှ အရာအားလုံးကို ထိန်းချုပ်) စနစ်ဆန်မှု၊ မြို့ပြထွန်းကားရေးကို တွန်းအားပေးမှု၊ ဂလိုဘယ်လိုက်ဇေးရှင်းလို့ခေါ်တဲ့ ကမ္ဘာချီစီးပွားရေး အမြတ်ထုတ်မှုနဲ့ ဈေးကွက်စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေကို အခြေခံတဲ့ ဖွံ့ဖြိုးရေးအတွေးအခေါ်တွေကို ပြန်ပြောင်းစဉ်းစားပြီး ဒေသခံလူထုကို အခြေပြုခြင်း၊ ကမ္ဘာ့ဂေဟစနစ်ကို ထိန်းသိမ်းခြင်းစတဲ့ သဘောတရားတွေ၊ ယဉ်ကျေးမှုကို တန်ဖိုးထားမှုတွေ သဘောတရားတွေပါတဲ့ ဒေသခံလူအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်တဲ့ ဖွံ့ဖြိုးရေးဖြစ်စဉ်တွေကို ပြန်ပြောင်းလုပ်ဆောင်ဖို့အတွက် အမြင်ဖွင့်ခဲ့ပါတယ်။ ဒါဟာ ကျွန်မတို့အဖွဲ့ လုပ်ဆောင်နေတဲ့ အကြောင်းအရာလေးတွေ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





စပေါင်းစိုက်ပျိုးရေးပြုလုပ်နေကြပုံ



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃)

## ဒေသခံအစားအစာဆိုင်ရာစီးပွားရေး (Local Food Economics)

မေး- ဒေသအစားအစာလှုပ်ရှားမှုတွေကို *ကမ္ဘာတစ်ဝှမ်းမှာ* ပေါ်ပေါက်လာဖို့ လှုပ်ရှားတဲ့အထဲမှာ ဆရာမလည်း ပါဝင်တယ်လို့ သိရပါတယ်။ အဲဒီ ဒေသ အစားအစာဆိုင်ရာ စီးပွားရေးကို ဘာကြောင့် ဖော်ထုတ်မြှင့်တင်ပေးဖို့လိုသလဲ ဆိုတာကို ဝေမျှပေးလို့ ရပါသလားခင်ဗျာ။

ဖြေ- ဟုတ်ကဲ့။ ကမ္ဘာ့နေရာ အတော်များများမှာ ဒေသခံတွေရဲ့ ယဉ်ကျေးမှုဟာ ကမ္ဘာ့စီးပွားရေးရေစီးကြောင်းတွေကြောင့် ထိခိုက်မှုတွေ ရှိလာတာကို မြင်တွေ့ခဲ့ရတဲ့အတွက် ကျွန်မအနေနဲ့ လွန်ခဲ့တဲ့နှစ်ပေါင်း သုံးဆယ်လောက်ကတည်းက ဒေသအစားအစာ စီးပွားရေးလုပ်ငန်းတွေကို ကမ္ဘာချီတဲ့ စီးပွားရေးအဖြစ် အားကောင်းလာဖို့ တွန်းအားပေးရမယ်လို့ အတွေး ဝင်၊ အမြင်ပွင့်ခဲ့တယ်။ ဒါကြောင့် ကျွန်မတို့အဖွဲ့အစည်းက ဒေသခံရှုထောင့်စီးတဲ့ စနစ်ပေါ် ထွန်းရေးကို နှစ်ပေါင်းအတော်ကြာကတည်းက မြှင့်တင်ပေးတာတွေ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ခဲ့တာဖြစ်တယ်။ ဗြိတိန်နိုင်ငံမှာ လွန်ခဲ့တဲ့ဆယ့်ငါးနှစ်ကျော်ကတည်းက ဒေသအစားအစာဆိုင်ရာ အစီအစဉ်တွေကို လုပ်ဆောင်ခဲ့တယ်။ အဲဒီအချိန်တုန်းက ဒေသအစားအစာကို တန်ဖိုးထားရမယ်ဆိုတဲ့ ခံယူချက်ဟာ မထွန်းကားသေးပါဘူး။ အဲဒီလိုပဲ ကယ်လီဖိုးနီးယားမှာလည်း ရုံးငယ်လေးတစ်ခုဖွင့်ပြီး ဒေသအစားအစာအစီအစဉ်တွေကို လှုပ်ရှားခဲ့တယ်။ ပြီးတော့ (Bringing the Food Economy Home) "အစားအစာစီးပွားလုပ်ငန်းကို အိမ်တွင်းသို့ ပြန်ယူလာခြင်း" ဆိုတဲ့ စာအုပ်ကို ထုတ်ဝေခဲ့ကြတယ်။ အဲဒီစာအုပ်က ခုအချိန်ခါမှာ ဘာသာစကားခြောက်မျိုးလောက်နဲ့ ဘာသာပြန်ဆိုပြီးပါပြီ။ အရှေ့ဥရောပ၊ ကိုရီးယားနဲ့ ထိုင်းနိုင်ငံတွေမှာ အဲဒီစာအုပ်ထဲကအတိုင်း အသုံးချနေကြပြီ။

နောက်ပြီးတော့ ကျွန်မတို့အနေနဲ့ ဝမ်းသာပီတိဖြစ်ရတာက နဂိုရှိပြီးသားဖြစ်တဲ့ အခြေခံလူထုက စွန့်ဦးတီထွင်လုပ်ဆောင်တဲ့ အစီအစဉ်တွေကို မြှင့်တင်ပေးနိုင်ခြင်းပဲ ဖြစ်ပါတယ်။ ဒါပေမယ့် အကြီးကြီးဖြစ်လာအောင်တော့ မမြှင့်တင်ပေးနိုင်သေးပါဘူး။ အခုတော့ ခင်ဗျားတို့လည်း သိမှာပါ။ ဗြိတိန်နဲ့ အမေရိကန်မှာ ဒေသအစားအစာလှုပ်ရှားမှုအဖွဲ့အသစ်တွေ အများကြီး ပေါ်ပေါက်လာတယ်လေ။ ဒေသအစားအစာရောင်းတဲ့ ကျောင်းတွင်းစားသောက်ဆိုင်တွေ၊ မိသားစု၊ သူငယ်ချင်းတွေနဲ့အတူ စားလို့ရတဲ့ ပျော်ပွဲစားဆိုင်ကြီးတွေ အများကြီးပေါ်ပေါက်လာတယ်။ အမေရိကန်မှာဆိုရင် ကြော်ငြာလုပ်ငန်း အားကောင်းကောင်းနဲ့ ဒေသအစားအစာ ခေတ်တစ်ခေတ်ကို ပြန်ရောက်နေပါပြီ။ အခုချိန်ခါမှာ လူတွေကအစားအစာကို စက်ရုံကြီးကြီးနဲ့ ထုတ်လုပ်မှုတွေကြောင့် ကာဗွန်ဒိုင်အောက်ဆိုဒ်ထုတ်လွှတ်မှု များလာတာကို သိရှိလာကြတယ်။ ကာဗွန်ထုတ်လွှတ်မှုများပြီး ကမ္ဘာကြီးက ပူနွေးလာတယ်။ ရာသီဥတုဖောက်ပြန်လာတယ်ဆိုတာကို သိလာတဲ့အခါမှာ တစ်နိုင်တစ်ပိုင်လုပ်နိုင်တဲ့ ဒေသအစားအစာကို တောင်းဆိုလာကြပါပြီ။ အစားအစာတွေဟာ မီးဖိုချောင်နဲ့ အနီးဆုံးမှာရနိုင်ရင် အကောင်းဆုံးလို့ လူတွေသိရှိလာကြပြီ။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့လည်း စိုက်ပျိုးသူတွေဆီမှာ တိုက်ရိုက်ဝယ်ယူရခြင်းနဲ့ အဆင့်ဆင့် လုပ်ဆောင်ရတဲ့ ထုတ်လုပ်မှုဈေးကွက် (စူပါဈေးကွက်) မှာ ဝယ်ယူရခြင်းတွေရဲ့ ခြားနားချက်ကိုလည်း သူတို့မြင်တွေ့တတ်လာပါပြီ။ ဘယ်ဟာက မီးဖိုချောင်နဲ့ ပိုနီးစပ်သလဲဆိုတာ သိလာကြပြီ။ ရပ်ဝေးကလာရတဲ့ စားသောက်ကုန်အများစု ဟာ ကမ္ဘာ့စီးပွားရေး (အစားအစာထုတ်လုပ်ခြင်း) ဖြစ်စဉ်မှာ ပါဝင်လာရတဲ့ အတွက်ကြောင့် ငွေရဖို့ သီးနှံတစ်မျိုးတည်းကိုသာ ရည်ရွယ်စိုက်ပျိုးတဲ့ စနစ်ကို အသုံးပြုထားတဲ့ လယ်ယာမြေတွေက လာပါတယ်။ လယ်သမားတွေအနေနဲ့ လည်း အဲဒီစနစ်ကို မဖြစ်မနေ ကိုယ့်လယ်ယာမြေထဲကို သွတ်သွင်းရပါတော့ တယ်။ ရောင်းဝယ်ဖောက်ကားမှုမှာ တရားမျှတလောက်ပါတယ်လို့ ပြောတဲ့ ကော်ဖီ (သို့) ငှက်ပျောသီး ကုန်သွယ်မှုတောင်မှ တောင်သူလယ်သမားတွေဆီက လာတာမဟုတ်တော့ဘူး။ သူတို့အခန်းကဏ္ဍ မပါတော့ဘူး။ အခြားတစ်ဘက်မှာ ကုမ္ပဏီကြီးတွေကပဲ အကြီးအကျယ် စိုက်ထားပြီးသားပါ။

အဲဒီတော့ ဒေသခံလယ်သမားတွေက ဘယ်လိုမှ တိုးမပေါက်တော့ ဘူး။ ကိုယ့်ဆီက ထွက်တာကို ဈေးလျှော့ရောင်းရုံကလွဲပြီး ဘာမှလုပ်လို့မရတော့ သလို ဖြစ်လာတယ်။ မျက်မြင်အရလည်း မဖြစ်နိုင်ဘူးလေ။ ကိုယ်တွေက တစ်နိုင်တစ်ပိုင် သူတို့က တစ်အုပ်တစ်မ (ကုမ္ပဏီကြီးတွေ၊ အရင်းအနှီးအများကြီး) နဲ့လေ။ ဒါကြောင့်လည်း အဲဒီကုန်စည်တွေကိုရောင်းဖို့ ယဉ်ကျေးမှုတူ၊ တန်ဖိုး ထားမှုတူတဲ့ နယ်ပယ်တစ်ခုကို အားပေးရှာဖွေရတော့မယ်လို့ တွေးမိတယ်။ ဒါပေမယ့် တစ်နိုင်တစ်ပိုင် အိမ်တွင်းအစားအစာ စီးပွားရေးလုပ်ငန်း (Bringing the Food Economy Home) စာအုပ်ကတော့ ဒေသထွက်ကုန်ပစ္စည်းတွေရဲ့ တန်ဖိုးကို မြှင့်တင်ပေး၊ ထိန်းသိမ်းပေးရမယ်ဆိုတဲ့ လမ်းကြောင်းနဲ့ သွားပါတယ်။ ပြီးတော့ ဂေဟဗေဒရှုထောင့်အရ ထုတ်လုပ်မှုဖြစ်စဉ်ကိုလည်း ထည့်သွင်းစဉ်းစား ပေးတယ်။ ပိုပြီးတော့ ဝမ်းသာစရာကောင်းတာက **အမှန်တကယ်ထုတ်လုပ်တဲ့ လယ်သမားတွေဆီကို အမြတ်အစွန်းတွေ အမှန်တကယ်ရရှိစေတဲ့**အချက်ပဲ ဖြစ်ပါတယ်။ တကယ်တော့ တစ်နိုင်တစ်ပိုင်လုပ်ဆောင်နေကြတဲ့ လယ်သမား



www.burmeseclassic.com

www.burmeseclassic.com



တွေ (ကေအနည်းငယ်သာပိုင်ဆိုင်တဲ့ လယ်သမားတွေ)၊ ယာသမားတွေဟာ ကမ္ဘာပေါ်မှာရှိတဲ့ ဇီဝသက်ရှိတွေရဲ့ တန်ဖိုးနဲ့ စွမ်းဆောင်ရည်တွေ၊ လုပ်ဆောင်မှုတွေကို မြှင့်တင်ပေးနေတဲ့သူတွေ ဖြစ်ပါတယ်။ ကမ္ဘာ့ဂေဟာစနစ်ကြီးကို သဟဇာတဖြစ်အောင်၊ အဆင်ပြေချောမွေ့အောင် လုပ်ပေးနေတဲ့သူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် ကမ္ဘာ့စီးပွားရေးမှာ သူတို့ကို ဘေးဖယ်ထားခြင်း၊ နှိပ်ကွပ်ထားခြင်းကို ခံရရှာတယ်။ အဲဒီအတွက် ဒီကဏ္ဍ (စိုက်ပျိုးရေးအခြေပြု) နဲ့ သက်ဆိုင်တဲ့ နယ်ပယ်မှာပဲ ကိုယ့်ကိုယ်ကို သတ်သေတဲ့ ရာခိုင်နှုန်းက အခြားကဏ္ဍတွေမှာထက် မြင့်တယ်။ ဒါကြောင့်မို့ ကမ္ဘာ့အစားအစာထုတ်လုပ်ခြင်းရဲ့ မသမာမှု၊ လက်ဝါးကြီးအုပ်မှုတွေကို ပြန်လည်သုံးသပ်ပြီး လူမှုရေး၊ ဂေဟဗေဒအရေးနဲ့ ရေရှည်တည်တံ့တဲ့ စီးပွားရေးရှုထောင့်အားလုံးကို ထည့်သွင်းစဉ်းစားတဲ့ ဒေသအစားအစာဆိုင်ရာ စီးပွားရေးတွေကို ပြန်လည်တည်ထောင်ပေးဖို့ အရေးတကြီး လိုအပ်နေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





လက်ရှိလေးမြို့၏ အဆောက်အဦပုံစံ



F-04B
www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၄)

## "ကမ္ဘာပတ်မယ်" မှ "ရွာပြန်မယ်" သို့ (From Global to Local)

မေး- ကမ္ဘာ့ခြုံစီးပွားရေးစနစ်ရဲ့ အားသာချက်နဲ့ အားနည်းချက်တွေကို ဆရာမ အနေနဲ့ ထောက်ပြသုံးသပ်ပေးလို့ပြောရင် ဆရာမ ဘယ်လိုထောက်ပြသုံးသပ် မလဲ။ နောက်ပြီး ဒေသအခြေပြုစီးပွားရေးဆိုတာကိုရော ဘယ်လိုနားလည်သလဲ။

ဖြေ- ပထမဆုံးအနေနဲ့ ကျွန်မထင်တာကိုပြောရရင် ကမ္ဘာ့ခြုံ စီးပွားရေးစနစ်ဟာ ကမ္ဘာ့စီးပွားရေးစနစ်ရဲ့ အနာဂတ်အလားအလာတစ်ခုပါပဲ။ အရမ်းကိုတိကျတဲ့ ဖြစ်စဉ်တစ်ခုဖြစ်တယ်။ *ကမ္ဘာ့ကုန်သွယ်မှုနဲ့ ဘဏ္ဍာရေးစီမံ ခန့်ခွဲမှုကို ထိန်းချုပ်မှုအောက်က ကင်းလွတ်ခွင့်ပေးခြင်းပဲ ဖြစ်တယ်။* ကမ္ဘာ့ ကုန်သွယ်မှုနဲ့ ဘဏ္ဍာရေးထိန်းချုပ်မှုမှ ကင်းလွတ်ခြင်းဆိုတာဘာလဲ။ တကယ် တမ်းတိကျတဲ့ အဓိပ္ပာယ်ကတော့ အကြီးစားနိုင်ငံတကာကော်ပိုရေးရှင်းတွေ၊ ဘဏ်တွေရဲ့ လုပ်ဆောင်မှု၊ လှုပ်ရှားမှုတွေကို ဘယ်နိုင်ငံကမှ ချုပ်ကိုင်လို့မရတော့ ဘဲ ကန့်သတ်ထိန်းချုပ်မှုအောက်ကနေ ကင်းလွတ်စေခြင်းပဲ ဖြစ်ပါတယ်။

www.burmeseclassic.com



အခုချိန်မှာတော့ လူအများစုက နိုင်ငံတကာကော်ပိုရေးရှင်းကြီးတွေဟာ အရမ်းကို ပြဿနာလုပ်လာပြီလို့ သတိထားမိလာကြပြီ။ သူတို့တွေဟာ ကမ္ဘာ့နိုင်ငံရေး အခင်းအကျင်းမှာတောင် ပါဝင်စွက်ဖက်ပြီး ကူညီသလိုလိုနဲ့ မတရားချုပ်ကိုင်ချင်ကြတဲ့ လူတွေလို့ အများကသိရှိလာကြပြီ။ ဒါကြောင့် နိုင်ငံတကာ ကော်ပိုရေးရှင်းတွေရဲ့ အာဏာပါဝါနဲ့ ကမ္ဘာ့စီးပွားရေးနဲ့ ဘဏ္ဍာရေးထိန်းချုပ်မှုအောက်က ကင်းလွတ်ခြင်းတို့ရဲ့ ကြားထဲမှာရှိတဲ့ အချိတ်အဆက်လေးက အရမ်းစဉ်းစားသင့်တဲ့ အကြောင်းအရာလေးတစ်ခု ဖြစ်လာပါတယ်။ ကမ္ဘာ့ကုန်သွယ်မှုနဲ့ ဘဏ္ဍာရေးထိန်းချုပ်မှုအောက်က ကင်းလွတ်ခြင်းရဲ့ ဖွဲ့စည်းပုံ ပြဿနာကို ကျွန်မတို့ ကောင်းကောင်းသိနားလည်ထားရမယ်။ သူတို့ (နိုင်ငံတကာကော်ပိုရေးရှင်း) မကောင်းဘူးလို့ပြောရုံနဲ့ ပြီးတဲ့ပြဿနာမဟုတ်ဘူးလို့ ကျွန်မထင်ပါတယ်။ ဒါဟာ ဟိုလူကောင်းတယ်၊ ဟိုလူတော့မကောင်းဘူးလို့ ပြောရမယ့် ပြဿနာမျိုးလည်း မဟုတ်ဘူး။ ကျယ်ပြန့်မှုအတိုင်းအတာ အကျိုးဆက်ကိုမေးရမယ့် ကိစ္စဖြစ်တယ်။

စီးပွားရေးလုပ်ငန်းတွေက နိုင်ငံအရေးထက် ပိုပြီးအရေးကြီးတယ်လို့ ပြောချင်တာ ဖြစ်တယ်။ ပြီးတော့ ကျွန်မတို့အနေနဲ့ ဖွဲ့စည်းတည်ဆောက်ပုံ ပြဿနာက ရှိသေးတယ်။ အမြတ်ကိုပဲ ကြည့်တတ်တဲ့စိတ်က သိပ်အမြင်ကပ်စရာ ကောင်းတယ်။ အမြတ်ကိုပဲကြည့်တတ်တာကို မကောင်းဘူးလို့ ပြောနေတာ မဟုတ်ပါဘူး။ စီးပွားရေးလုပ်ဖို့ မလိုအပ်ဘူးလို့လည်း ပြောနေတာ မဟုတ်ပါဘူး။ လူသားတွေအတွက် လိုအပ်တဲ့အရာကို အရောင်းအဝယ်လုပ်တာပဲ၊ ဝန်ဆောင်မှုပေးတာပဲ။ မကောင်းဘဲ ဘယ်နေပါ့မလဲ။ ဒါပေမယ့် လူမှုရေး၊ သဘာဝပတ်ဝန်းကျင်အရေးတွေကို ထည့်သွင်းစဉ်းစားရမယ်။ ဦးစားပေးရမယ်။ ဒါကြောင့် ကျွန်မတို့အဖွဲ့အစည်းက အဲဒီအမြင်တွေကို ရသွားကြဖို့ ဟိုးအရင်ကတည်းက အမြင်ဖွင့်လှုပ်ရှားခဲ့တယ်။ ကျွန်မတို့အနေနဲ့ မြင်သာထင်သာ ရှိစေချင်တာကတော့ ကမ္ဘာ့ကုန်သွယ်မှုပုံသဏ္ဍာန် (ပုံစံ) ဟာ ရိုးရိုးရှင်းရှင်းပဲ ဖြစ်ရမယ်။ ဒါပေမယ့် အဲဒီလိုဖြစ်လာဖို့ လူတွေအားလုံးက နားလည်သဘောပေါက်လာဖို့ အရေးကြီး



www.burmeseclassic.com

www.burmeseclassic.com



တယ်။ အစိုးရတွေကို တောင်းဆိုတတ်လာဖို့ လိုလာတယ်။ ကမ္ဘာခြိမ်းစီးပွားရေးစနစ်ကို စတင်ဆန့်ကျင်လာကြတာနဲ့အတူ အမြင်တွေ ပွင့်လာကြပါပြီ။ တစ်ဆက်တည်းမှာပဲ ကမ္ဘာအရပ်ရပ်မှာ ဒေသခံစီးပွားရေးကို မြှင့်တင်ပေးတဲ့ အဖွဲ့ငယ်တွေ၊ အုပ်စုငယ်တွေ အများကြီးရှိလာပါပြီ။

ဒေသခံစီးပွားရေးဆိုတာ ဘာလဲ။ ထုတ်လုပ်သူနဲ့ စားသုံးသူအကြားမှာ တိုက်ရိုက်ဆက်သွယ်ဆက်ဆံရေး၊ လူသားအကျိုးကို အထူးအလေးပေးတဲ့နေရာ၊ ကုန်စည်စီးဆင်းတဲ့နေရာ အကွာအဝေးလည်း လျှော့ချတယ်ဆိုတဲ့ အချက်တွေကို စဉ်းစားတဲ့၊ အကျိုးဝင်စေတဲ့ စီးပွားရေးကို ဆိုလိုတယ်။ ကျွန်မတို့ပြောနေကြတာက အကွာအဝေးတွေ တိုလာစေဖို့ဖြစ်တယ်။ ကာဗွန်ခြေရာကိုလျှော့ရမယ်လို့ ပြောချင်တာ ဖြစ်တယ်။ ရှိနေပြီးသားအရာကို ဘာကြောင့် သန်းနဲ့ချီပြီး ထုတ်နေကြတာလဲ။ မလိုအပ်တဲ့အရာကို လိုအပ်သလို ဖြစ်လာအောင် လူသားတွေကို ဖြားယောင်းသွေးဆောင်တဲ့ စီးပွားရေးအမြင်ကိုက ကျင့်ဝတ်နဲ့မညီဘူး ဖြစ်နေတယ်။ ဒါပေမယ့် အကြွင်းမဲ့စားဖို့ပဲ ထုတ်ရမယ်၊ ဖြစ်ရမယ်လို့ မဆိုလိုပါဘူး။ ခင်ဗျားအနေနဲ့ ဒေသခံအစားအစာကိုသာ စားသုံးရမယ်လို့ချည်းပဲ ပြောနေတာတော့ မဟုတ်ပါဘူး။ တစ်ကမ္ဘာလုံးမှာ နေထိုင်နေကြတဲ့ လူတွေကို ဒေသထွက်အစားအစာပဲ စားသုံးကြပါလို့ တစ်ဖက်သတ်ကြီး ပြောလိုက်ရင် ဝါဂွမ်းစိုက်တဲ့လူကို ဝါဂွမ်းပဲစားကြ၊ ဆီအုန်းစိုက်တဲ့လူကို ဆီအုန်းပဲစားကြလို့ ပြောနေတာနဲ့လည်း တူသွားပါလိမ့်မယ်။ ကျွန်မတို့နားလည်ရမှာက အခုပြောနေတာတွေဟာ ပြောင်းလဲခြင်းဖြစ်စဉ် (ထုတ်ပိုး၊ ပြင်ဆင်၊ ဖြည့်စွက်၊ တန်ဖိုးထည့်) တွေကြောင့် အချိန်ကြာလွန်းခြင်း၊ ထုတ်ကုန်ပစ္စည်းရဲ့ မူလအရည်အသွေးကျသွားခြင်း၊ သဘာဝမဟုတ်တဲ့ ကုန်ကြမ်းကို အသုံးပြုပြီး မြောက်များစွာထုတ်လုပ်ခြင်းစတဲ့ ကိစ္စတွေကြောင့် ထုတ်လုပ်သူနဲ့ စားသုံးသူအကြား အလှမ်းကွာဝေးသွားခြင်း ကိစ္စတွေပါပဲ။ ဒါတောင် ကျန်းမာရေးရှုထောင့်ကနေ စဉ်းစားတာ မပါသေးဘူး။ အဲဒီလို ကုန်ပစ္စည်းတွေကို စားသုံးခြင်းကြောင့် ဖြစ်လာမယ့်ရောဂါတွေ၊ လူမှုရေးပြဿနာတွေအကြောင်း စဉ်းစားရင်မလွယ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com





လက်ရှိလေးမြို့ရှုခင်းပုံ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၅)

## ဒေသမှုပြုခြင်းနှင့် ဇီဝရပ်ဝန်း
## (Localization and Bio-region)

မေး- ဒေသမှုပြုခြင်းကို ဆရာမအနေနဲ့ အကျယ်တဝင့် ထပ်ရှင်းပေးပါလား ခင်ဗျာ။ နောက်ပြီးတော့ ဇီဝရပ်ဝန်းနဲ့ ဆက်စပ်သွားပုံကိုလည်း ရှင်းလင်းပေးစေ ချင်ပါတယ်။

ဖြေ- တရားမျှတစွာနဲ့ အသုံးပြုတယ်လို့ ပြောသော်ငြားလည်း ကမ္ဘာ့ အစိတ်အပိုင်းတစ်ခုဖြစ်တယ်လို့ မခံယူတတ်ဘူးဆိုရင် ကမ္ဘာအရပ်ရပ်ကနေပြီး လိုချင်တာကို ရချင်ရလိမ့်မယ်။ ဒါပေမယ့် ကျန်တဲ့အရာတွေအပေါ် မှာ တန်ဖိုး မထား စော်ကားသလိုမျိုးပဲ ဖြစ်နေပါလိမ့်မယ်။ အခြားတစ်ဘက်မှာတော့ ပြန်ပြည့်မြဲစွမ်းအင်တွေကို အတတ်နိုင်ဆုံးအသုံးပြုပြီး ကြိုးစားရှေ့လျှောက်နေတယ် လို့ ဆိုနိုင်ပါတယ်။ အဲဒီနည်းလမ်းဟာ ဂေဟာစနစ်၊ ဇီဝရပ်ဝန်းဒေတာတွေကို အလေးထား စဉ်းစားတယ်။ တတ်နိုင်သမျှ မွေးစားယူတယ်လို့ ဆိုနိုင်ပါတယ်။ ဇီဝရပ်ဝန်းတွေကို သူတို့ရဲ့ မြေမျက်နှာသွင်ပြင်နဲ့ သတ်မှတ်တယ်။ ရာသီဥတု



www.burmeseclassic.com

www.burmeseclassic.com



အခြေအနေတို့ ဂေဟစနစ်နဲ့ သတ်မှတ်ပိုင်းခြားနိုင်တယ်။ နိုင်ငံရေးအရ နယ်နိမိတ်တွေ သတ်မှတ်ပြီး ဇီဝရုပ်ဝန်းတွေကို ပိုင်းခြားသတ်မှတ်ခြင်းဟာ တကယ်ပဲ အဓိပ္ပာယ်မဲ့လွန်းပါတယ်။ ဒါကြောင့် ဇီဝရုပ်ဝန်းကိစ္စဟာလည်း ဒေသမူပြုခြင်းဖြစ်စဉ်မှာ အရေးပါတဲ့အရာ ဖြစ်ပါတယ်။ ကျွန်မတို့ရဲ့ အသက်ရှင်လှုပ်ရှားမှုတွေကို ရာသီဥတုနဲ့ကိုက်ညီအောင်၊ မြေဆီမြေနှစ်နဲ့ ကိုက်ညီအောင်၊ နေထိုင်တဲ့ဒေသရဲ့ အပူချိန်နဲ့ကိုက်ညီအောင်ဆိုပြီး အဓိက လိုအပ်ချက်ဖြစ်တဲ့ နေအိမ်တွေ၊ အစားအစာတွေ ဖန်တီးတီထွင်ကြတယ်။ အစားအစာ၊ အဝတ်အထည်နဲ့ နေစရာကို ဖန်တီးကြတယ်။

ကျွန်မတို့ အမှီသဟဲမပြုနိုင်တဲ့ အလှမ်းကွာဝေးလှပြီး ရေနံလောင်စာ ဆီနဲ့သင်းတဲ့ ဒါမှမဟုတ် အခြားတစ်နည်းနည်းနဲ့ ပြုလုပ်ထားတဲ့ စွမ်းအင်တွေ အခြေပြုတဲ့ ကုန်သွယ်မှုအပေါ်မှာ မှီခိုနေရင် သဟဇာတမဖြစ်တဲ့အတွက် အဆင်မပြေနိုင်ပါဘူး။ ကျွန်မတို့အနေနဲ့ ပြန်ပြည့်မြဲစွမ်းအင်မဟုတ်တဲ့ စွမ်းအင် အပေါ်မှာမှီခိုမှုကို လျှော့ချဖို့ ကြိုးစားနေကြပါပြီ။ ဒါကြောင့် ဒေသမူပြုတဲ့အခါမှာ ခင်ဗျားအနေနဲ့ “ဒီနေ့ကစပြီး နာရီမသုံးတော့ဘူး။ ကိုယ့်ပတ်ဝန်းကျင်မှာရှိတဲ့ အရာနဲ့ပဲ အသုံးပြုသွားမယ်” ဆိုတဲ့ စကားပြောတာထက် နောက်နောင် ကိုယ့်အိမ်ကိုယ့်ယာနဲ့ နီးတဲ့အရာအပေါ်မှာပဲ မှီခိုသွားဖို့ လိုပါတယ်။ ကမ္ဘာ့နေရာ အတော်များများမှာ ဒေသထွက်ပစ္စည်းထုတ်လုပ်မှု အင်မတန်နည်းသွားပြီ ဆိုတာကို တွေ့နိုင်ပါတယ်။ တချို့နေရာမှာဆိုရင် လုံးဝတိမ်ကော ပျောက်ကွယ် သွားပြီ။ ဒေသထွက်သဘာဝပစ္စည်းတွေကို ပြန်လည်တီထွင် ထုတ်လုပ်အသုံးပြုဖို့ ဒါမှမဟုတ် နည်းလမ်းရှာဖို့ လိုအပ်လာပါပြီ။ ဒါဟာ ဒေသမူပြုခြင်းရဲ့ အစိတ်အပိုင်းတစ်ခုပါ။ ပစ္စည်းတစ်ခုကို လိပ်ပြာသန့်သန့်နဲ့ ဝယ်နိုင်ဖို့ဆိုတာမျိုးဖြစ် တယ်။ အီဂျစ်ပြည်က အာလူးမှ ဝယ်ရမယ်ဆိုတာမျိုး မဟုတ်ဘူး။ ယူကေ (United Kingdom) မှာနေပြီးတော့ အာဂျင်တီးနားက ပစ္စည်းဝယ်သုံးရင် ကောင်းတယ်လို့ ပြောနေစရာမလိုဘူး။ လယ်သမားတွေနဲ့အတူ အလုပ်လုပ်သွား နိုင်ဖို့ ကြိုးစားကြရင် ကောင်းမယ်။ ဒါမှ ယူကေမှာထွက်တဲ့ အာလူးကို တစ်နှစ်



www.burmeseclassic.com

www.burmeseclassic.com



ပတ်လုံးစားရခွင့် ပိုကြုံနိုင်ကောင်းပါရဲ့။ ယူကေထက်ပိုပြီး ကျွန်မတို့အိမ်နဲ့ နီးတဲ့နေရာကို စဉ်းစားကြည့်ပါ။ အာလူးရော အခြားအခြေခံလိုအပ်ချက်တွေ အားလုံးရော ရနိုင်ရင် မကောင်းပေဘူးလား။ စီးပွားရေးလုပ်ဆောင်မှုတွေကို ဒေသပိုင်ပြုလုပ်နိုင်ခြင်းဟာ ကျွန်မတို့နေထိုင်ရာဒေသရဲ့ ဂေဟဗေဒဆိုင်ရာ ရေခံမြေခံနဲ့လည်း အဆင်ပြေနိုင်သလို အချင်းချင်း အပြန်အလှန်အမှီသဟဲပြုတဲ့ လူသားအဖွဲ့အစည်းတစ်ခုကို ရောက်ရှိဖို့ တတ်နိုင်သလောက်အဆင့်ကနေ အစပျိုးနေခြင်းပဲဖြစ်တယ်လို့ နားလည်လာပါလိမ့်မယ်။

ဒေသခံလယ်သမားတစ်ယောက်က ဒေသခံမုန့်ဖုတ်သမား တစ်ယောက်ကို သိကျွမ်းသွားတယ်ဆိုရင်ပဲ ခင်ဗျားအနေနဲ့ ကရုပြု စာနာခြင်းနဲ့ တာဝန်ယူပေးခြင်း အငွေ့အသက်တွေပါတဲ့ လူသားကွန်ရက်တစ်ခုကို တည်ဆောက်လိုက်တာပါပဲ။ ပရဟိတအကြောင်းပြချက်လို့ ပြောဖို့လွယ်တာ တော့မဟုတ်ပေမယ့် ခင်ဗျားအနေနဲ့ ပိုပြီးတာဝန်ယူနိုင်တယ်၊ တာဝန်သိ တတ်တယ်ဆိုတာကိုတော့ မြင်သာထင်သာ ရှိစေချင်ပါတယ်။ ဒါကြောင့် လူသားကို တန်ဖိုးထားတဲ့ စီးပွားရေးလုပ်ဆောင်ချက်တွေကို တည်ဆောက်ခြင်း ဟာ အံ့ဩစရာကောင်းလောက်အောင် အကျိုးအမြတ်တွေကို ရရှိစေပါတယ်။ အားလုံးဟာ မြင်သာထင်သာရှိသလို အချင်းချင်းယုံကြည်စိတ်ချရတဲ့ လူမှု အသိုင်းအဝိုင်းတစ်ခုကို တည်ဆောက်ပြီးသားလည်း ဖြစ်သွားပါတယ်။ အဲဒီ အပေါ်ကနေမြင်သာပြီး ရေရှည်ခိုင်မာတဲ့ အကျိုးဆက်ကို ခင်ဗျားတွေ့နိုင်ပါ တယ်။ ဒါဟာ စက်ရုံကြီးတစ်ခုမှာ အလုပ်သမားတစ်ယောက်လို လုပ်ကိုင်နေရပြီး အကျိုးဆက် ဘာတွေဖြစ်သွားသလဲဆိုတာ မသိရတဲ့ ဝန်ထမ်းတစ်ယောက်ပုံစံ နဲ့တော့ လုံးဝဆန့်ကျင်ဘက် ဖြစ်သွားပြီ မဟုတ်လား။ ခင်ဗျားဟာ အမည်မသိ ပိုင်ရှင်တွေအတွက် စက်ရုံထဲမှာနေပြီး တစ်နေကုန် ပိတ်စဖြတ်နေရမယ်၊ စက်ချုပ်နေရမယ် ဒါမှမဟုတ် လယ်ကွင်းထဲမှာ အာလူးတွေကို ရိတ်သိမ်းနေရ မယ်။ သူတို့ကတော့ နယူးယောက်မြို့မှာနေပြီး ကွန်ပျူတာရှေ့မှာပဲ အလုပ်လုပ် နေမယ်။ ကိန်းဂဏန်းတွေကို ထိုင်ကြည့်နေမယ်။ ကမ္ဘာ့ကုန်စျေးနှုန်းဇယားကိုပဲ



www.burmeseclassic.com

www.burmeseclassic.com



ကြည့်နေမယ်။ အဲဒီလိုဆိုရင် ပွင့်လင်းမြင်သာတဲ့၊ တာဝန်ယူတဲ့လုပ်ငန်းမျိုး ဖြစ်လာနိုင်တော့မလား။ ခင်ဗျားအနေနဲ့ ဘယ်သူ့ကို အားကိုးနေရမှန်းလည်း မသိ၊ အကျိုးဆက် ဘာတွေဖြစ်နေမှန်းလည်း မသိဘဲ အလုပ်လုပ်နေရသလို ဖြစ်သွားလိမ့်မယ်။

www.burmeseclassic.com

www.burmeseclassic.com





လာဒါတ်ဒေသရှုခင်းပုံ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၆)

## ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်ခြင်း
## (Responding to Climate Change)

မေး- ဒေသမှုပြုခြင်းက ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းကို တုံ့ပြန်တဲ့ လုပ်ငန်းစဉ်တွေထဲက တစ်ခုအပါအဝင်ဖြစ်တယ်လို့ ဆရာမပြောဖူးတယ်နော်။ ဘယ်လိုဆက်စပ်မှုရှိသလဲဆိုတာကို ရှင်းပြပေးပါခင်ဗျာ။

ဖြေ- ဒေသမှုပြုခြင်း အရေးကြီးလာရခြင်းရဲ့ အကြောင်းရင်းနောက်တစ်ခုက ကမ္ဘာကြီးပူလာခြင်းနှင့် ရေနံတွင်းထွက်လောင်စာတွေ ရှားပါးလာမှုတို့ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ရေနံတွင်းထွက်အပေါ် မှီခိုမှုတွေကို လျှော့ချဖို့အခြေအနေကို ရှာဖွေနေပါတယ်။ ဆိုလိုတာက အလွန်တရာမှ ဝေးကွာတဲ့ ခရီးမိုင်တွေအပေါ်မှာ မှီခိုသွားလာ၊ ရောင်းဝယ်ဖောက်ကားမှုတွေကို လျှော့ချရတော့မှာဖြစ်ပါတယ်။ ဒါကြောင့် အိမ်နဲ့အနီးဆုံးမှာ ရနိုင်တဲ့အရင်းအမြစ်တွေရှာဖွေနေတာမျိုးကို လက်ခံတာဖြစ်ပါတယ်။ ဗဟိုဦးစီးစနစ်မကျနေတဲ့ ဒေသရင်းမြစ်အတတ်ပညာနဲ့ ဗဟုသုတတွေကို ကြိုးစားတည်ဆောက်ဖို့ လိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီအရင်းအမြစ်တွေဟာ အိုင်တီနည်းပညာ၊ ရေနံတွင်းထွက်တွေအပေါ်မှာ အစွန်းရောက် ဆန်ဆန်မှီခိုမှု မရှိပါဘူး။ အိုင်တီနည်းပညာနဲ့ ရေနံတွင်းထွက်ပေါ် မှာ အခြေခံတဲ့ ဇဟိုဦးစီးချုပ်ကိုင်မှုဆန်ဆန် စနစ်တွေကြောင့် သန်းပေါင်းများစွာ သောလူသားတွေ ဒုက္ခရောက်ရတာကိုလည်း တစ်ကမ္ဘာလုံးက သိမြင်ကြမှာပါ။ ဗဟိုဦးစီးမဆန်တဲ့ စနစ်နဲ့အတူ ဒေသရင်းမြစ်အသိပညာနဲ့ ဗဟုသုတတွေကို ပြန်လည်ဖော်ထုတ်ပြီး စွမ်းရည်မြှင့်ပေးဖို့ အရေးတကြီးလိုအပ်နေပါတယ်။

ကျွန်မတို့အခု ဒီမှာဆွေးနွေးနေရတာက မြေကြီးနဲ့ အနေနီးသော လူသားတွေဟာ မြေဆီ၊ မျိုးစေ့၊ သစ်ပင်၊ နေလမ်းကြောင်း၊ ကြယ်တာရာ အကြောင်းနဲ့ ကျွန်မတို့နေထိုင်တဲ့နေရာနဲ့ ဘယ်လိုဆက်စပ်မှု ရှိသလဲဆိုတာကို ကောင်းကောင်းနားလည်ကြတယ်ဆိုတဲ့ အချက်ပါပဲ။ အဲဒီအချက်တွေကို အပူတပြင်း ပြန်လည်ဖော်ထုတ် ဆန်းသစ်ပေးဖို့ လိုနေပါပြီ။ အခုနေ ကျွန်မတို့မှာ ဂလိုဘယ်လိုက်ဇေးရှင်းလို့ခေါ်တဲ့ အင်ဂျင်စက်တစ်လုံးက မြေကြီးနဲ့ အနီးဆုံး လူသားသန်းပေါင်းများစွာတွေကို ဘိလပ်မြေ၊ ကွန်ကရစ် ပတ်ပတ်လည်ရှိတဲ့ မြို့ပြကမ္ဘာထဲကို အတင်းတွန်းဆွဲခေါ်ပြီး မျိုးစေ့၊ မြေဆီလွှာ၊ ရေနဲ့ဝေးတဲ့ နေရာမှာ ထားတဲ့အပြင် သူတို့နားမလည်တဲ့ စနစ်၊ ယန္တရားတွေကြားထဲမှာ ဒုက္ခရောက် နေတာကိုတောင် ဒုက္ခရောက်မှန်းမသိအောင် မောင်းနှင်ထားနိုင်တာကို တွေ့ရ မှာဖြစ်ပါတယ်။ အဲဒီလို မြေကြီးနဲ့ ပတ်သက်တဲ့ အသိအမြင်၊ ဗဟုသုတတွေကို ဖျက်ဆီးနေတဲ့ဖြစ်စဉ်ဟာ အရှိန်အဟုန်နဲ့ အထူးသဖြင့် တတိယ ကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံတွေမှာ ဖြစ်ပျက်နေပါပြီ။ ပြီးတော့ အဲဒီဖြစ်စဉ်ဟာ အကြမ်းဖက်မှု၊ ဆင်းရဲ မွဲတေမှုနဲ့ ရောဂါဆန်းဆန်းပြားပြား ကူးစက်ပြန့်ပွားမှုတွေ ဖြစ်စေတာကို တွေ့ရ ဦးမှာပါ။ အခုအချိန်မှာ ကျွန်မတို့အနေနဲ့ ချက်ချင်းတုံ့ပြန် လုပ်ဆောင်နိုင်တဲ့ အရာတွေ ရှိပါတယ်။ မျိုးစေ့၊ ရေ၊ မြေဆီလွှာအတိအကျပြောရရင်တောင် ကမ္ဘာခြမ်းက ဒေသအစားအစာတွေနဲ့ဆိုင်တဲ့ ဗဟုသုတ၊ အသိပညာနှင့် ရိုးရာ ဓလေ့တွေကို ပြန်လည်မြှင့်တင်ပေးဖို့ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် သတိရဖို့က အနောက်နိုင်ငံတွေမှာလည်း ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ စက်မှုမြို့ပြစနစ်တွေကို ဖီဆန်ပြီး လယ်ကွင်း၊ ယာကွင်းတွေထဲမှာပဲ နေထိုင်စားသောက်လုပ်ကိုင်ကြတဲ့ လယ်သမားတွေ ရှိသေးတယ်ဆိုတဲ့ အချက်ပဲ။ ဒါကြောင့် မြောက်ကမ္ဘာခြမ်းမှာလည်း အဲဒီလိုလယ်သမားတွေကို ထောက်ပံ့ပေးဖို့ လိုအပ်ပါတယ်။ သူတို့ရဲ့ကွန်ရက်တွေ ကျယ်လာဖို့ ချိတ်ဆက်ပေးရမယ်။ သူတို့ရှင်သန်နိုင်ဖို့ လမ်းစတွေ ဖော်ထုတ်ပေးရမယ်။ အဲဒီလိုဖြစ်စဉ်ကို လုပ်ဆောင်တဲ့အခါမှာ ကျွန်မတို့အနေနဲ့ လူသားတွေကို မြေကြီးနဲ့ နီးနီးပြန်နေဖို့ တွန်းအားပေးရမယ်။ တိုက်တွန်းရမယ်။ လူသားတွေရဲ့ စွန့်ပစ်အမှိုက်တွေကနေ အသုံးဝင်တဲ့ မြေဩဇာ၊ ဇီဝဓာတ်ငွေ့တွေကို ဘယ်လိုထုတ်လုပ်နိုင်မလဲ ဆိုတာကို လူငယ်တွေသိလာအောင် သင်ကြားပေးရမယ်။ ဆည်မြောင်းတွေ၊ တိုက်ခန်းအိမ်ရာတွေ၊ ရေကြီးခြင်းနဲ့ မိုးခေါင်ရေရှားခြင်းကို ဖြစ်စေတဲ့ အကြောင်းရင်းတွေကို ရှာဖွေဖော်ထုတ်ရမယ်။ ကမ္ဘာအရပ်ရပ်မှာ ရာသီဥတုက မမှန်တော့ဘူး။ အဲဒီ မမှန်တဲ့ရာသီဥတုကို ရင်ဆိုင်ဖို့ ကျွန်မတို့ ကိုယ့်ကိုယ်ကို ဘယ်လိုကာကွယ်ကြမလဲ။ ဘိလပ်မြေကွန်ကရစ်တိုက်ခန်းတွေ တည်ဆောက်ခြင်းအားဖြင့် မဟုတ်ဘဲ ဂေဟစနစ်နဲ့ကိုက်ညီတဲ့ နေအိမ်တွေ တည်ဆောက်ခြင်း၊ ကမ္ဘာကြီးကို ဘယ်လိုကာရုံပြုမလဲ၊ မိုးရေတွေကို ဘယ်လိုသိမ်းဆည်းသိုမှီး အသုံးချမလဲ၊ ရေကြီးခြင်းကို ဘယ်လိုကြိုတင်ကာကွယ်ကြမလဲ၊ စီမံကြမလဲဆိုတဲ့ စိတ်တွေနဲ့ ခေတ်မီစက်မှုနည်းပညာကြောင့် နာကျင်ပျက်စီးတော့မယ့် ကမ္ဘာကြီးကို ကျွန်မတို့ကာကွယ်စောင့်ရှောက်လို့ ရနိုင်ပါတယ်။ အားလုံးပါဝင်လုပ်ဆောင်ရမယ့် ကိစ္စတစ်ခုလည်း ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com





လာဒါတ်ဒေသကို အွန်လိုင်းမြေပုံမှ တွေ့ရစဉ်



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၇)

## စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်း (Economic Globalization)

မေး- ဂလိုဘယ်လိုက်ဇေးရှင်းက ကောင်းသလား၊ ဒါမှမဟုတ် ဆိုးသလား။

ဖြေ- ကောင်းတယ်၊ ဆိုးတယ်ဆိုတာထက် ဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ နိုင်ငံတကာပူးပေါင်းဆောင်ရွက်မှု၊ အများအကျိုးအတွက် ဆောင်ရွက်ခြင်း၊ အမြင်တွေဖလှယ်ပြီး သတင်းနဲ့နည်းပညာတွေကို ထိရောက်အောင် အသုံးချနေခြင်းဖြစ်တယ်။ ဒါဟာ လူသားအချင်းချင်း၊ လူမျိုးအချင်းချင်း သွေးစည်းညီညွတ်မှုကို ဖြစ်စေတယ်လို့ စီးပွားရေးသမားအချို့နဲ့ ဖွံ့ဖြိုးပြီးနိုင်ငံက အစိုးရအပါအဝင် အစိုးရအချို့က လူတွေကို ဦးနှောက်ခြောက်အောင် ဖန်တီးပြောဆိုတတ်တဲ့အတွက် အင်မတန်မှ ကြောက်စရာကောင်းပါတယ်။ တကယ်တမ်းမှာတော့ စီးပွားရေးဂလိုဘယ်လိုက်ဇေးရှင်းဆိုတာ ကုမ္ပဏီနိုင်ငံပေါင်းစုံရဲ့ ပုံမှန်မဖြစ်တော့တဲ့ ဖြစ်စဉ်တစ်ခုသာဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ပြောရရင် နိုင်ငံပေါင်းစုံအဖွဲ့အစည်းတွေကို လွတ်လပ်ခွင့် ပိုပေးလိုက်တာ



www.burmeseclassic.com

www.burmeseclassic.com



မျိုး၊ လှုပ်ရှားခွင့်ပေးလိုက်တာမျိုး၊ ကမ္ဘာမှာဖြစ်ပျက်တဲ့အရာအားလုံးကို ထိန်းချုပ်ခွင့်ပေးလိုက်သလိုမျိုးပဲ ဖြစ်သွားပါတယ်။ အဲဒီဖြစ်စဉ်အရ ကမ္ဘာ့ပတ်ဝန်းကျင်ကို ထိန်းသိမ်းဖို့၊ ကာကွယ်ဖို့ဆိုတာမျိုး၊ နယ်စပ်အရေးအခင်းထဲက လူ့အခွင့်အရေးကိစ္စတွေကို ဖြေရှင်းပေးတာမျိုး၊ စက်မှုထွန်းကားတဲ့ မြောက်ကမ္ဘာခြမ်းက တောင်ကမ္ဘာခြမ်းကို ကျင့်ဝတ်အရရော၊ လူမှုရေးအရရော အကြွေးတင်နေတယ်ဆိုတဲ့ အသိတရားရှိလာတာမျိုး လုံးဝမဟုတ်/မရှိတဲ့ သဘောတရားတစ်ခုသာ ဖြစ်ပါတယ်။

ဒါကြောင့်မို့ ဂလိုဘယ်လိုက်ဇေးရှင်း အဓိပ္ပာယ်သက်ရောက်မှုမျိုး မဟုတ်တဲ့ သွေးစည်းညီညွတ်မှုမျိုး၊ ပူးပေါင်းလုပ်ဆောင်ခြင်းမျိုး အမှန်တကယ်လိုအပ်နေပါတယ်။ အမှန်တကယ်တော့ ဂလိုဘယ်လိုက်ဇေးရှင်းဟာ လူသားချင်းစာနာခြင်း၊ ကျွန်မတို့ မှီတင်းနေထိုင်တဲ့ မြေကမ္ဘာကို ကာကွယ်စောင့်ရှောက်ခြင်းဆိုတဲ့ အချက်တွေနဲ့ ဆန့်ကျင်ဘက်ပဲ ဖြစ်ပါတယ်။ ဒါမှမဟုတ် စစ်မှန်ပြီး ရေရှည်တည်တံ့တဲ့ လူနေမှုဘဝတွေကို ပိုင်ဆိုင်လာနိုင်အောင် ဘယ်လိုတည်ဆောက်ကြမလဲ၊ ဘယ်လိုကာကွယ်ကြမလဲဆိုတဲ့ အတွေးအမြင်တွေဟာ ပျံ့နှံ့ဖို့ သင့်ပါပြီ။ တကယ်တမ်းကျတော့ ဒီလိုလှုပ်ရှားမှုတွေဟာ ကျွန်မတို့ လူသားတွေ နေထိုင်မှီခိုရာနဲ့ စီးပွားရှာဖွေမှုပုံစံတွေကို ဒေသမှုပြုလိုက်ခြင်းသာ ဖြစ်ပါတယ်။ ဒါပေမယ့် လူအများစုက ဒါဟာဂလိုဘယ်လိုက်ဇေးရှင်းရဲ့ အစိတ်အပိုင်းတစ်ခုပဲလို့ နားလည်မှုတွေ လွဲနေတုန်းပါပဲ။

အမှန်တော့ ဂလိုဘယ်လိုက်ဇေးရှင်းထဲမှာ ကျွန်မတို့ပြောချင်တဲ့ ပူးပေါင်းဆောင်ရွက်ခြင်းမျိုးနဲ့ မတူတဲ့ ပူးပေါင်းဆောင်ရွက်ခြင်းမျိုးကိုပဲ ဆန့်ကျင်ဘက်အနေနဲ့ တွေ့နေရမှာ ဖြစ်တယ်။ ဒါကြောင့် ကျွန်မတစ်ယောက်တည်း တွေးမိတယ်။ စီးပွားရေးအရ ကမ္ဘာချီတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းဆိုတဲ့ ဝေါဟာရထဲမှာ နိုင်ငံတကာစည်းလုံးညီညွတ်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အမြင်ဖလှယ်ခြင်း၊ နိုင်ငံတကာလူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ခြင်းစတဲ့ အဓိပ္ပာယ်သက်ရောက်မှုတွေ ကွဲပြားစွာ ရှိနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဆိုတာကို ရှင်းလင်းထင်ရှားအောင် ဦးစွာလုပ်ဆောင်ဖို့ လိုတယ်လို့ မြင်ပါတယ်။ ဂလိုဘယ်လိုက်ဖေးရှင်းကို နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းနဲ့ အမြင်ဖလှယ်ခြင်းဆိုတဲ့ သဘောတရားအရပဲ လက်ခံထားကြစို့။ တကယ်တမ်းမှာတော့ လူသားတွေအနေနဲ့ ဂေဟစနစ်အပေါ် မှီခိုအခြေခံတဲ့ ဂေဟဗေဒဆိုင်ရာ အရင်းအမြစ်သုံးစွဲမှုနှုန်း (Ecological Food Print) ကို လျှော့ချနိုင်အောင် လုပ်ဖို့အတွက် ကမ္ဘာမြေကြီးနဲ့ ပိုမိုနီးနီးစပ်စပ်ဖြစ်သွားဖို့ လိုပါလိမ့်မယ်။ ဘိလပ်မြေ၊ အင်္ဂတေနဲ့ ဆောက်လုပ်ထားတဲ့ တိုက်တာအိမ်ရာတွေဟာ လောင်စာဆီအခြေပြုတဲ့ မြို့ပြအင်ပါယာရဲ့ ပြယုဂ်တစ်ခုပဲလို့ ကျွန်မတွေးမိပါတယ်။ အုတ်၊ ဘိလပ်မြေအခြေပြု အနက်ရောင်သုတ်လိမ်းထားတဲ့ အဆောက်အဦတွေဟာ ကမ္ဘာနဲ့အဝှမ်းမှာ ပျံ့နှံ့လျက်ရှိနေတယ်ဆိုတာ တွေ့မြင်ကြမှာပါ။ နေရာတိုင်းကို မိတ်ဆက်ပေးထားပြီးသားလိုလို ဖြစ်နေပါပြီ။ ပီကင်းမြို့က အစ အာလင်ဘာတာ ပက်တာဂိုးနီးယားလို နိုင်ငံမျိုးအထိ ဘိလပ်မြေ၊ ဓာတ်ဆီ၊ ဒီဇယ်ဆီ၊ ပလတ်စတစ် ကမ္ဘာ စတာတွေဟာ ယဉ်ကျေးမှုတစ်ခုတည်းလိုလို ထွန်းကားနေပြီဆိုတာကို တွေ့ကြမှာပါ။ သုံးနှစ်သားကလေးတွေကို ဦးတည်တဲ့ ဝယ်ယူစားသုံးမှု (Consumer) ယဉ်ကျေးမှုလည်း တစ်ဆက်တည်း တိုးတက်နေပါတယ်။ "ကြင်နာမှုတွေ၊ အသိုင်းအဝိုင်းကောင်းတွေကို လိုချင်ရင် ဒါကိုဝယ်လိုက်ပါ၊ မင်းကို လူတွေလက်ခံလာလိမ့်မယ်။ ဒါဆိုရင် မင်း လူဖြစ်ရကျိုးနပ်မယ်" ဆိုတဲ့ သတင်းစကားမျိုးနဲ့ ဆွဲဆောင်တာမျိုး ခံနေရပြီ။ သုံးနှစ်သားအရွယ်တွေဟာ အဲဒီသတင်းစကားနဲ့ ဦးတည်ခြင်းခံနေရတာဟာ မဆန်းပါဘူး။ သူတို့လေးတွေဟာ ချစ်ခြင်းကြင်နာခြင်းကို ခံချင်ကြတယ်၊ လူတွေမြင်လာတာ၊ လက်ခံလာတာ၊ ကြားလာတာ၊ ဆက်ဆံလာတာကို လိုချင်နေတဲ့အရွယ် ဖြစ်တယ်။ ရေနံတွင်းထွက်လောင်စာတို့ အခြေပြုတဲ့ အထက်ကဆိုခဲ့ပါ စားသုံးသူပမာနယဉ်ကျေးမှုဟာ သူတို့အေးတွေ အတွက် ချစ်ခြင်း၊ ကြင်နာခြင်းနဲ့ ဆက်စပ်မှုတွေစတဲ့ စိတ်ကျေနပ်မှုရလိမ့်မယ်လို့ သတင်းပေးခြင်း ခံနေကြရရှာတယ်။

အမှန်တကယ်တော့ ဒီစနစ်ဟာ ကိုယ့်ကိုယ်ကို ဖုန်းတီးလာစေတယ်။

www.burmeseclassic.com



အချိန်ကြာလာလေလေ ကိုယ့်ကိုယ်ကို လက်ခံလို့မရ ဖြစ်စေတယ်။ လူသား အားလုံးကို ဝယ်ယူခြင်းအလေ့အထက မနာလိုခြင်းနဲ့ အထီးကျန်ဆန်ခြင်းမျိုးကို ပဲ ဖြစ်စေတာပါ။ ဒါကြောင့်မို့ ဒီလိုဆိုးရွားတဲ့ ရလဒ်ကိုပေးတဲ့ ဝယ်ယူစားသုံးခြင်း ဝါဒ (Consumerism) ရဲ့ ယဉ်ကျေးမှုဟာ တစ်ကမ္ဘာလုံးမှာ ပျံ့နှံ့နေပြီဖြစ်တဲ့ အတွက် အဲဒီစနစ်ကို ဆန့်ကျင်တော်လှန်ဖို့အတွက် အမိကမ္ဘာမြေကြီးရဲ့ သား သမီးတွေဖြစ်တဲ့ ကျွန်မတို့လူသားတွေမှာ တာဝန်ရှိပါတယ်။ အမိကမ္ဘာကြီးက သူ့ရဲ့သားသမီးတွေကို အစဉ်လုံလောက်စွာ ပံ့ပိုးထောက်ပံ့ပေးတယ်။ မြင်သာ ထင်သာပြောရရင် ကမ္ဘာမြေကြီးဟာ ကျွန်မတို့အတွက် မျိုးစေ့တွေ၊ မြေဆီမြေနှစ် တွေ၊ ရေတွေနဲ့ အလုပ်အကြွေးပြုနေပြီးသားဆိုတဲ့ သဘောတရားတွေကို လက်ခံ ခြင်းအားဖြင့် တုံ့ပြန်နိုင်ပါတယ်။ အဲဒီလို သံစဉ်ပြောင်းလိုက်တာနဲ့ ကျွန်မတို့ဟာ အမိကမ္ဘာမြေနဲ့ အလိုလိုဆက်စပ်ပြီးသား ဖြစ်သွားပါလိမ့်မယ်။ အမိကမ္ဘာမြေနဲ့ အခြားဂြိုလ်တွေ ဘယ်လိုဝိုင်းရံ လည်ပတ်နေသလဲဆိုတဲ့ ဓာတ်ပုံ၊ ရုပ်ရှင်တွေ ကြည့်ရုံနဲ့ ကမ္ဘာကြီးနဲ့ ဆက်စပ်နေတာပဲဆိုတဲ့ အတွေးတွေထဲကနေ လွတ်မြောက် လာလိမ့်မယ်။ အမိကမ္ဘာမြေကြီးရဲ့ မျက်နှာပြင်ပေါ်မှာ မြက်တွေ ဘယ်လိုပေါက် နေတာလဲ၊ ဘာအတွက်ကြောင့် ပေါက်ရတာလဲ၊ သစ်ပင်တွေက လူသားတွေ အတွက် ဘယ်လိုအကျိုးပြုမှုတွေ လုပ်ဆောင်နေတာလဲ၊ နေရာဒေသ၊ အချိန် နာရီ ကွဲပြားသော်ငြားလည်း အရာအားလုံးဟာ သူ့နေရာနဲ့သူ အချိတ်အဆက်ရှိရှိ လည်ပတ်၊ အပြန်အလှန်မှီခို အားကိုးခြင်းတွေ ရှိနေသလဲဆိုတာမျိုးကို စဉ်းစားပြီး အမိကမ္ဘာမြေနဲ့ ရင်းနှီးစွာ ဆက်စပ်ခံစားတတ်လာတဲ့ အခြေအနေကို ရောက်ရှိ သွားကြပါလိမ့်မယ်။ ပြီးတော့ ကျွန်မတို့ဟာ အဆိုပါဖြစ်စဉ်လေးတွေနဲ့ "ငါတို့ ဟာ ကိုယ့်ဒေသကို တန်ဖိုးထားတဲ့ လူတွေဖြစ်တယ်" လို့ ကြွေးကြော်လိုက်တာနဲ့ ဇီဝနယ်ပယ်၊ ဂေဟအိမ်ကမ္ဘာဟာ ကျွန်မတို့အတွက် ဖြစ်တယ်ဆိုတာကို နားလည် နိုင်ကြပါလိမ့်မယ်။ ဒါကြောင့် ဒေသမှုပြုခြင်းဆိုတာ လူသားတွေဟာ အမိကမ္ဘာ မြေကြီးနဲ့ ကိုယ်နဲ့နီးစပ်သူ၊ ကိုယ့်ရဲ့ အိမ်နီးနားချင်းတွေဆီကို နီးနီးစပ်စပ်ပြန်သွား ခြင်းပဲ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလို လုပ်ဆောင်လိုက်တာနဲ့ လူသားတွေဟာ စုပေါင်းညီညာတဲ့ တစ်သွေးတစ်သားတည်းဖြစ်မှုတွေကို ခံစားလာရမယ်။ ကိုယ်အမှန်တကယ် ပိုင်ဆိုင်တာဟာ အခုမှ အကြီးကြီးပါလားဆိုတာ သိလာမယ်။ လုံခြုံခိုင်မာတဲ့ လူမှုအဆောက်အဦကို တည်ဆောက်လာနိုင်မယ်။ ကိုယ်နဲ့မတူတဲ့ အခြားသော ယဉ်ကျေးမှုကွဲပြားသူတွေနဲ့ ပေါင်းသင်းဆက်ဆံလာနိုင်မယ်။ တစ်ပါးသူရဲ့ အနိုင်ကျင့်ခြင်းကို ခံရတယ်ဆိုတဲ့ ခံစားချက်ကနေ လွတ်မြောက်လာနိုင်မယ်၊ ကွဲပြားခြားနားခြင်းကို မကြောက်တော့ဘူး။ လုံခြုံမှုရှိလို့ ကိုယ့်ဘက်မှာ အများကြီးရှိတယ်ဆိုတဲ့ ခံစားချက်မျိုးရရှိလို့ ဖြစ်တယ်။ ဒါကြောင့်မို့ ဒေသမှုပြုခြင်းဆိုတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းနဲ့ ဆန့်ကျင်ဘက်မှာရှိနေတဲ့ သဘောတရားကြောင့် ကျွန်မတို့ဟာ နေရပ်ဌာနေရင်းဖြစ်တဲ့ အမိကမ္ဘာမြေကြီးနဲ့ သွားဆက်စပ်နေပြီဖြစ်တယ်။ ကမ္ဘာကြီးရဲ့မိသားစုထဲမှာ ကျွန်မတို့လည်း တစ်ယောက်အပါအဝင်ဖြစ်သွားတယ်လို့ ခံစားလာရမှာပါ။ ဒါကြောင့် ဒေသမှုပြုခြင်းဟာ တစ်ဦးတစ်ယောက်၊ ဒေသတစ်ခုဆီကို ပြန်သွားခြင်းလို့ ဆိုနိုင်ပေမယ့် တစ်ကမ္ဘာလုံးကို အသက်သွင်းနေကြတဲ့ လူသားကိုယ်စီ ဖြစ်ကြတယ်ဆိုတဲ့ သဘောတရားကို သက်ရောက်စေပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့ဟာ အမိကမ္ဘာမြေကြီးရဲ့ အစိတ်အပိုင်း၊ မိသားစုဝင်ဖြစ်လို့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com





လာဒါတ်မှ အဘွားအိုတစ်ဦးစိုက်ပျိုးနေပုံ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၈)

## ဒေသမှုပြုခြင်း၏နည်းဗျူဟာများ
## (Strategies for Localization)

မေး- ဒေသမှုပြုခြင်းလို့ ပြောရတာလွယ်သလိုပဲနော် ဆရာမ။ ဒါပေမယ့် လက်တွေ့မှာ ကျွန်တော့်အနေနဲ့ ဘယ်လိုပုံစံမျိုး လုပ်ဆောင်သင့်သလဲဆိုတာကို ရောထွေးနေသေးတယ်။ ဆရာမအနေနဲ့ ရှင်းပြပေးနိုင်မလား။

ဖြေ- ဒေသမှုပြုခြင်းကို အကောင်အထည်ဖော်တဲ့နေရာမှာ အရမ်းအရေးကြီးတဲ့ အချက်တစ်ချက်ကို မှတ်သားထားရမယ်။ ဒေသတွင်းမှာသာ လုပ်ဆောင်ခြင်းသာလျှင် ဒေသမှုပြုခြင်းရဲ့ နည်းဗျူဟာအချုပ် ဖြစ်တယ်လို့ မယူဆမိဖို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတကာအဆင့်မှာလည်း တစ်ပြိုင်နက်ထဲ လုပ်ဆောင်ဖို့လိုပါတယ်။ ဒေသမှုပြုခြင်းကို စိတ်သဘောတူညီစွာ လက်ခံသူ အချင်းချင်းဟာ သူတို့ရှိနေတဲ့ နယ်ပယ်ထဲမှာ စတင်ချိတ်ဆက်မိသွားကြခြင်းမျိုးကို ကျွန်မအနေနဲ့ အသိအမှတ်ပြု ထောက်ခံအားပေးတယ်။ သူတို့ရဲ့နယ်ပယ်လို့ ကျွန်မဆိုလိုတာက ခေတ်သစ်စက်မှုကမ္ဘာမှာ လူအများစုက မော်တော်ကားတွေ



www.burmeseclassic.com

www.burmeseclassic.com



သုံးကြတဲ့ နယ်ပယ်ကို ပြောချင်တာပါ။ လူတွေတစ်ယောက်ကို တစ်ယောက် လက်လှမ်းမီမယ်၊ တစ်နာရီ နာရီဝက်သွားရုံနဲ့ ပုံမှန်တွေ့ဆုံနိုင်မယ်ဆိုတဲ့ ဧရိယာ တစ်ခုကို ပြောချင်တာပါ။ အလံတိုင်ငယ်လေးတွေ ကိုင်ဆောင်ပြီး ငါဟာ ပိုပြီး ရေရှည်တည်တံ့သော၊ လုံလောက်သော၊ ကျန်းမာရေးကောင်းသော၊ ပျော်ရွှင်သော ဘဝအသက်ရှင်မှုပုံစံကို နှစ်သက်သူဖြစ်တယ်လို့ ကြေညာခြင်းနဲ့အတူ တခြား နေရာမှာလည်း ဒီလိုလူမျိုးတွေ ရှိနေနိုင်မယ်ထင်ပြီး ရှာဖွေခြင်းလည်းဖြစ်ပါလိမ့် မယ်။ ခင်ဗျားတို့ကိုယ်တိုင်လုပ်နိုင်တဲ့ အခရာကျတဲ့၊ သေးငယ်တဲ့မျိုးစေ့၊ အုပ်စုငယ်၊ လူ့အဖွဲ့အစည်းသေးသေးနဲ့ အစပြုတဲ့ လုပ်ဆောင်မှုမျိုးနဲ့ လုပ်ဆောင်တဲ့ နည်း ဗျူဟာဖြစ်တယ်။ ပထမဦးစားပေးအနေနဲ့ ကျွန်မပြောချင်တာက စိတ်တူကိုယ်တူ စိတ်ဓာတ်လေးတွေရှိဖို့ လိုအပ်တယ်။ ကိုယ့်ရဲ့စိတ်ကူးရည်မှန်းချက်ကို အားဖြည့် ရမယ်။ **"ငါ" ဆိုတာကို "ငါတို့" နဲ့ အစားထိုးနိုင်အောင် အရင်ကြိုးစားရမယ်။ ဒါမှသာ အတူတကွ လုပ်ကိုင်ဆောင်ရွက်လို့ရမယ်။ "ငါ" ဆိုတဲ့နေရာမှာ "ငါတို့" လို့ပြောလိုက်တဲ့ စက္ကန့်အချိန်လေးမှာ အင်အားတစ်ရပ်ဟာ သွေးသား ထဲစီးဆင်းလာလိမ့်မယ်၊ ဖြစ်ပေါ်လာလိမ့်မယ်။ "ငါတို့" ဆိုတဲ့ အဲဒီစွမ်းအား တန်ခိုးတွေဟာ အခုချိန်ထိ ရှေးဟောင်းလူမျိုးစု၊ လူ့အဖွဲ့အစည်းတွေမှာ ရှိသေး တယ်။ အနောက်နိုင်ငံအသိုင်းအဝိုင်းမှာ အဲဒီစိတ်ဓာတ်အင်အားတွေ ပျောက်ဆုံး စပြုလာပြီ။ ဒါကလည်း ဒေသမှုပြုခြင်းရဲ့ ပထမခြေလှမ်းပဲ ဖြစ်ပါတယ်။** စိတ်သဘောထားချင်းတူညီတဲ့ ကမ္ဘာအရပ်ရပ်က လူသားတွေကို ချိတ်ဆက်ဖို့၊ တောင်နဲ့မြောက်ကမ္ဘာခြမ်းဟာ အရင်ကထက်ပိုပြီး မြန်မြန်ဆန်ဆန်ချိတ်ဆက် နိုင်ဖို့ အရေးကြီးလာပြီ။ ပထမဆုံးအနေနဲ့ ယနေ့ဖြစ်ပေါ်နေတဲ့ ဂေဟာစနစ် ပျက်စီးခြင်းနဲ့ လူ့အခွင့်အရေးချိုးဖောက်မှုတွေကို ခေါ်ဆောင်လာတဲ့ ဂလိုဘယ်လိုက်ဇေးရှင်းကို ဆန့်ကျင်တဲ့ အရပ်သားဦးဆောင်တဲ့ လူ့အဖွဲ့အစည်း တွေ စိတ်သဘောတူညီတဲ့ လူတွေကနေ အစပြုပြီးပေါ်ပေါက်လာဖို့ အခွင့်အား ပေးရမယ်။ အဲဒီကနေတစ်ဆင့် တောင့်တင်းခိုင်မာတဲ့ လူထုအသံတွေ ထွက်ပေါ်လာမယ်။ အခုချိန်ခါမှာ တိုးပွားလာတဲ့ အရပ်သားတွေ ဦးဆောင်တဲ့



www.burmeseclassic.com

www.burmeseclassic.com



လူ့အဖွဲ့အစည်းတွေဟာ ပိုမိုတောင့်တင်းခိုင်မာတဲ့ လူထုအော်သံကို ဖော်ကျူး နေတာဖြစ်သလို ဒေသမှုပြုခြင်းဟာ အရေးကြီးတယ်၊ အဲဒီဘက်ကို ငါတို့သွား နေကြပြီလို့ 'ကမ္ဘာကိုဖော်ပြလိုက်ခြင်းလည်း' ဖြစ်ပါတယ်။ အဲဒီအသံက တဖြည်းဖြည်းကျယ်လာပြီးတော့ နောက်ထပ်နှစ်အနည်းငယ်မှာဆိုရင် အင်အား ကောင်းတဲ့ လှုပ်ရှားမှုတွေကို ကျွန်မတို့မြင်တွေ့ရမှာ ဖြစ်ပါတယ်။ ဒေသမှုပြုခြင်း ဟာ ဂေဟာစနစ်ဆိုင်ရာ၊ လူမှုရေးရာ၊ ဘုရားတရားရေးရာ၊ စီးပွားရေးရာ ပြန်လည် ဆန်းသစ်ခြင်းကို ယူဆောင်လာပေးလိမ့်မယ်ဆိုတာကို လက်ခံနားလည်လာကြ မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ပြီးတော့ အပြည်ပြည်ဆိုင်ရာ၊ နိုင်ငံတကာ ဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုတွေကြောင့် ဖြစ်ကိုဖြစ်နိုင်တယ်လို့ သိလာရမယ်။ ဒီလှုပ်ရှားမှုနဲ့ ကမ္ဘာကို ပြောင်းလဲကြရအောင်လို့ တွေးတတ်လာကြမယ်။

ဒါကြောင့် ကိုယ်ရှိနေတဲ့ ဒေသကနေအစပြုပါ။ ထိုနည်းတူ နိုင်ငံ တကာတွေနဲ့လည်း ချိတ်ဆက်ပြီး အကူအညီရယူတာမျိုးတို့ကို မျက်စိဖွင့်၊ နားဖွင့် လုပ်ဆောင်ပါ။ အစိုးရရဲ့ ပေါ်လစီကို ပြန်ကြည့်ပြီး ကိုက်ညီမှုရှိတဲ့ ပေါ်လစီကို ထောက်ခံတဲ့အနေနဲ့ ကိုယ့်ဒေသရဲ့ ဒေသမှုပြုခြင်းလှုပ်ရှားမှုကို အစပြုပါ။ သူတို့ရဲ့အခွန်ဘဏ္ဍာတွေကို ဘယ်မှာအသုံးပြုသလဲဆိုတာကို တွေးတတ်လာ မယ်။ အခွန်ငွေတွေအားလုံးကို ရေနံစွမ်းအင်အခြေပြု မြို့ပြထူထောင်ရေးနဲ့ ကမ္ဘာ့ရာသီဥတုကို ပျက်စီးစေတဲ့ စက်မှုလုပ်ငန်း အခြေပြုလုပ်ငန်းတွေမှာ ပြန်သုံးတာမျိုးကို တွေ့မြင်တတ်လာမယ်။ အဲဒီဘဏ္ဍာငွေတွေကို အဆိုပါလုပ်ငန်း တွေရဲ့ ဆန့်ကျင်ဘက်ဦးတည်ချက်တွေမှာ ပြန်သုံးဖို့တောင်းဆိုရမယ်။ ဆိုလိုတာ က လူသားအကျိုးပြု ပတ်ဝန်းကျင်အကျိုးပြုလုပ်ငန်းတွေမှာ အသုံးချတာမျိုးကို ပြောတာဖြစ်တယ်။ အဲဒီဘဏ္ဍာငွေတွေကိုဈေးကွက်အခြေပြု စီးပွားရေးစနစ်တွေ ကနေ၊ လက်နက်ထုတ်လုပ်ရေး ကုန်ကျစရိတ်တွေကနေ ဘယ်လိုပြန်ဆွဲမယ် ဆိုတာကို စဉ်းစားလုပ်ဆောင်ဖို့ လိုတယ်။ လူသားတွေအတွက်ရော၊ ရာသီဥတု အတွက်ပါ ကြောက်စရာကောင်းလွန်းနေပါတယ်။ ဒါဟာ စိတ်ကူးယဉ်ဆန်ဆန်ပဲ တွေးနေတာမျိုး မဟုတ်ပါဘူး။ ကျွန်မ စိတ်မကောင်းစွာ တွေးမိတာရှိတယ်။



www.burmeseclassic.com

www.burmeseclassic.com



**နိုင်ငံရေးပါတီအများစုဟာ ဂလိုဘယ်လိုက်ဇေးရှင်းကို စီးပွားရေးပူးပေါင်း ဆောင်ရွက်တဲ့ သဘောတရားမျိုးသာ နားလည်ထားခြင်းနဲ့အတူ ပြည်သူလူထု ကိုလည်း အဲဒီလိုပဲ နားယောင်သွင်းနေခြင်းတွေကိုပါ။** ဒါကြောင့် လူတွေဟာ နိုင်ငံရေးပေါ်လစီကိုတောင် စိတ်ဝင်စားမှု နည်းလာကြတယ်။ ဒါပေမယ့် ဒေသမှုပြုခြင်းဟာ ဒါတွေကို ပြန်လည်ကုစားဖို့ နည်းလမ်းတစ်ခုဖြစ်ပါတယ်။ လွန်ခဲ့တဲ့ငါးနှစ်လောက်ကတည်းက စတင်လှုပ်ရှားလာကြပါပြီ။ ဒေသမှုပြုခြင်း အားဖြင့် ကျွန်မတို့ဟာ ဒေသ၊ ဖုံ နိုင်ငံစုံ၊ နိုင်ငံတကာအဆင့်တွေမှာ နိုင်ငံသား ကောင်းတစ်ယောက်အနေနဲ့ ကိုယ်နဲ့ ကိုက်ညီတဲ့၊ ပတ်ဝန်းကျင်နဲ့ကိုက်ညီတဲ့ ပေါ်လစီကို ကိုယ်တိုင်ချမှတ်ခြင်းအားဖြင့် ဂလိုဘယ်လိုက်ဇေးရှင်းရဲ့ ဦးတည်ရာ လမ်းကြောင်းကနေ ဆန့်ကျင်ထွက်ပြီး ကမ္ဘာကို ပြန်ခြုံကြည့်လိုက်တာပဲလို့ နားလည်လို့ရပါတယ်။

ဂလိုဘယ်လိုက်ဇေးရှင်းနောက်ကို မလိုက်ဘဲ ကမ္ဘာမှာ ဖြစ်ပျက်နေတာကို ပြန်ပြောင်းသုံးသပ်နေခြင်းပဲ ဖြစ်ပါတယ်။ တကယ်တော့ ဘက်ပေါင်းစုံ ဥဿုံဂလိုဘယ်လိုက်ဇေးရှင်းကို ရပ်တန့်အောင်လုပ်တဲ့ လုပ်ငန်းစဉ်က ရပ်တန့် နေတာ ကြာခဲ့ပြီ။ ကမ္ဘာ့ကုန်သွယ်ရေး အစည်းအဝေးတွေကို ဦးဆောင်သူတွေက ဒါကို ရပ်တန့်စေတာဖြစ်တယ်။ စီးပွားရေးအရ ဂလိုဘယ်လိုက်ဇေးရှင်းကိုပဲ သူတို့က လိုချင်ကြတာလေ။ နောက်ပြီး ကမ္ဘာကို စီးပွားရေးအခြေပြု သံသရာ ကနေ ရပ်တန့်အောင် ဆန့်ကျင်လုပ်ဆောင်သူ အနည်းငယ်သာ ရှိပါတယ်။ ဒါကြောင့်မို့လည်း စီးပွားရေးအခြေပြု ဂလိုဘယ်လိုက်ဇေးရှင်းစက်ဝန်းကို ရပ်တန့်ဖို့ မဖြစ်နိုင်တာပေါ့။ ပေါ်လစီကိုပြောင်းလဲဖို့ဆိုရင် သိပ်ခက်ခဲတာ မဟုတ်ဘူးဆိုတာ သိရမယ်။ အဲဒီကိစ္စက အခွန်ဆောင်သလိုမျိုး၊ စီးပွားရေးလုပ် သလိုမျိုးပဲ လွယ်ကူပါတယ်ဆိုတဲ့အချက်ကို လူတွေသိရမယ်။ ကမ္ဘာ့စီးပွားရေး စနစ်ဟာ စွမ်းအင်တွေ၊ နည်းပညာတွေကို ပိုသုံးဖို့ တွန်းအားပေးတယ်။ လူသားတွေရဲ့ ဉာဏ်အမြော်အမြင်၊ ကရုပြုခြင်းနဲ့ လုပ်အားတွေကို နှိမ်တာမျိုး များတယ်။ ဒါကြောင့်မို့လည်း အလုပ်လက်မဲ့ပြဿနာနဲ့ ညစ်ညမ်းမှုအမျိုးမျိုးကို



www.burmeseclassic.com

www.burmeseclassic.com



ဖန်တီးတာဖြစ်နေပါတယ်။ ကျွန်မတို့ရဲ့ ဘဏ္ဍာတွေဟာ အလုပ်လက်မဲ့ပြဿနာ နည်းပြီး ညစ်ညမ်းမှုနည်းတဲ့ စီးပွားရေးထဲမှာ အသုံးချရင် ပိုပြီးအကျိုးရှိတယ်လို့ ခံစားမိဖို့ လိုပါတယ်။ အဲဒီစနစ်ကို အသုံးမပြုသေးပေမယ့် သုံးလာအောင် တောင်းဆိုဖို့၊ အမြင်ဖွင့်ဖို့တော့ လုပ်နေကြပါပြီ။ စီးပွားရေးဘောဂဗေဒမှာ ကျွမ်းကျင်သလို၊ ဂေဟဗေဒမှာလည်း ကျွမ်းကျင်ရမယ်။ ဒါမှသာ ပြောင်းလဲဖို့ တွန်းအားပေးနိုင်မှာ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com





လာဒါတ်ရိုးရာဝတ်စုံဖြင့် တွေ့ရစဉ်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၉)

## ဒေသပိုင်ငွေကြေးစနစ် (Local Currencies)

မေး- ဒေသမှုပြုခြင်းထဲမှာ ဒေသပိုင်ငွေကြေးစနစ်က တစ်ခုအပါအဝင် ဖြစ်သလား။

ဖြေ- ကျွန်မတို့ရဲ့ ISEP အဖွဲ့ဟာ လွန်ခဲ့တဲ့ (၁၅-၂၀) နှစ်လောက်ကတည်းက ဒေသပိုင်ငွေကြေးစနစ်ကို တွန်းအားပေးတဲ့ အစီအစဉ်မျိုးတွေကို လုပ်ဆောင်ခဲ့ပါတယ်။ နေရာနှစ်ခုမှာ လက်တွေ့အကောင်အထည်ဖော်ဖြစ်ခဲ့တယ်။ တစ်ခုက ဘာကလေ (ဗြိတိန်နိုင်ငံ) မှာ၊ နောက်တစ်ခုက ဗားမောက်မြို့မှာ ဖြစ်တယ်။ အခုတော့ အဲဒီနှစ်နေရာစလုံးမှာ ဒေသပိုင်ငွေကြေးစနစ် ရပ်တန့်သွားခဲ့တာ နှစ်အတော်တောင် ကြာသွားပါပြီ။ ကျွန်မတို့ တွေ့ရှိလိုက်တာကတော့ ဒေသပိုင်ငွေကြေးစနစ်ဟာ ဒေသထွက်အစားအစာအတွက် လှုပ်ရှားမှုလောက် ထိရောက်မှုမရှိဘူးဆိုတဲ့ အချက်ပါပဲ။ ဒေသထွက်အစားအစာလှုပ်ရှားမှုဟာ တဖြည်းဖြည်းနဲ့ အားကောင်းလာတယ်။ အကန့်အသတ်ရှိတယ်၊ လုံလောက်မှု



www.burmeseclassic.com

www.burmeseclassic.com



မရှိဘူးလို့ ဆိုသော်ငြားလည်း တဖြည်းဖြည်းနဲ့ အားကောင်းလာပါတယ်။ ထုတ်လုပ်သူနဲ့ ဝယ်ယူစားသုံးသူကြားထဲမှာ စိတ်စေတနာအားကောင်းတာကြောင့် ထပ်မံလုပ်ဆောင်ပေးဖို့ တောင်းဆိုမှုတွေ များလာတယ်။ ရောင်းသူဝယ်သူတွေဟာ ဒေသပိုင်ငွေကြေးနဲ့ ဝယ်ရောင်းရတာမို့ ပိုပြီးစိတ်ချရတယ်။ ရိုးရှင်းပါတယ်။

အများသုံးငွေကြေးကို ဒေသပိုင်ငွေကြေးနဲ့ မလဲလှယ်ဘဲ ဒေသထွက်အစားအစာတွေကို ဝယ်ယူအားပေးတယ်ဆိုရင်လည်း ဒေသရဲ့စီးပွားရေးအားကောင်းလာအောင် အင်အားဖြည့်ခြင်းပဲ ဖြစ်ပါတယ်။ ဒေသမှုပြုခြင်းဟာ ဒေသပိုင်ငွေကြေးအသုံးပြုခြင်းကြောင့် ဒေသတွင်းမှာလည်ပတ်မယ့် ငွေကြေးလည်ပတ်မှုစနစ်ကို အရှုပ်အရှင်းနည်းစေပြီး ဒေသပိုင်ရန်ပုံငွေထားရှိခြင်းများကို ဖန်တီးပေးနိုင်ပါလိမ့်မယ်။ အဲဒီငွေကြေးလည်ပတ်မှုစနစ်ကို ကူညီဖို့ ဒေသခံလူတွေရဲ့ ဉာဏ်အမြော်အမြင်နဲ့ ငွေကြေးကိုင်တွယ် တွက်ချက်မှုတွေကို သင်ယူလေ့လာခွင့်နဲ့အတူ စနစ်ရဲ့သဘောတရားတွေကိုလည်း နားလည်ပြီးသားဖြစ်ပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒီကနေ့ခေတ်ဟာ အစားအစာနဲ့ ရေကိုသာ အဓိကထားရမယ့် ခေတ်ဖြစ်လာနေလို့ပါ။ သို့ပေမယ့် ရေကတော့ အပြင်ကဆွေမျိုးတွေဆီကနေ၊ အိမ်နီးနားချင်းတွေဆီကနေ ရနိုင်ပါသေးတယ်။ အစားအစာကတော့ အဲဒီလိုမျိုး မရနိုင်ပါဘူး။ ဒါကြောင့် အစားအစာဟာ နံပါတ်တစ်၊ ရေက နှစ်၊ စွမ်းအင်က သုံးဖြစ်ပါတယ်။

စွမ်းအင်အကြောင်းပြောရင် ပြန်ပြည့်မြဲစွမ်းအင်ကို လိုအပ်တဲ့ နေရာတွေမှာ၊ အရေးတကြီးသုံးရမယ့်နေရာတွေမှာ သုံးရမယ်။ ကျွန်မတို့အနေနဲ့ ရေရှည်အခြေပြုစီးပွားရေးတွေအပေါ်မှာ မှီခိုမှုရမယ့် လိုအပ်တဲ့စွမ်းအင်အတွက် ပြန်ပြည့်မြဲစွမ်းအင်ကို ပြောင်းသုံးဖို့ ဒါ့အပြင် အလုပ်အကိုင် အခွင့်အလမ်းတွေပေါ်ပေါက်လာဖို့ လူတွေရဲ့ လုပ်အားကိုသာ အခြေခံပြီး စီးပွားရေးလုပ်ငန်းတွေလုပ်ဆောင်ဖို့ တွန်းအားပေးအမြင်ဖွင့်ပေးရမယ်။ ဒေသပိုင်ငွေကြေးစနစ်တွေအားကောင်းဖို့လိုမယ်။ ကမ္ဘာမှာအသုံးပြုနေတဲ့ ငွေကြေးအသုံးပြုမှုပုံစံ နောက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်ရင် ဗဟိုဦးစီးဆန်သွားလိမ့်မယ်။ ဒေသခံတွေဘက်ကို အာဏာအင်အားတွေပြန်ရောက်လာအောင် လူတွေရဲ့ယဉ်ကျေးမှု၊ ဘုရားတရားရေးနဲ့ စိတ်ပညာပိုင်းဆိုင်ရာ လိုအပ်မှုတွေဟာ ဒေသရဲ့ ဂေဟာစနစ်နဲ့ ကိုက်ညီမှုရှိဖို့ လိုတယ်။ ငွေကြေးစနစ်တစ်ခုတည်းကပဲ ချုပ်ကိုင်ထားတာမျိုးကို ဆန့်ကျင်ရမယ်။ ဒါကလည်း ချက်ချင်းဖြစ်နိုင်တဲ့ ကိစ္စမျိုးမဟုတ်ဘူး။ ဖြည်းဖြည်းချင်းသွားရမယ့်ကိစ္စ၊ တစ်ဆင့်ပြီးတစ်ဆင့် သွားရမယ့်ကိစ္စတွေ ဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com





လာဒါတ်ဒေသမှ ဂေဟာကျေးရွာပုံစံ



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၀)

## ဂေဟာကျေးရွာ၏ အခန်းကဏ္ဍ (၁)
## (The Role of Eco-village I)

မေး- ဂေဟာကျေးရွာလှုပ်ရှားမှုကတော့ ဒေသမူပြုခြင်းရဲ့ အစိတ်အပိုင်းတစ်ခုလား။ ဒါမှမဟုတ် သတ်သတ်စီဖြစ်သလား။

ဖြေ- ISEP အဖွဲ့မှာ အလုပ်လုပ်ရင်းနဲ့ တက်ကြွသော၊ ဉသုံဖြစ်သော၊ အမြင်ကျယ်သော ပညာရေးစနစ်တစ်ခုဟာ ပြောင်းလဲမှုအတွက် အင်မတန်အရေးကြီးပြီး လှုပ်ရှားမှုကို ဦးဆောင်သူတွေအတွက် အခုအချိန်မှာ လိုအပ်ကြောင်းကို ကျွန်မတို့ ခံစားမိလာပါတယ်။ ဒါကြောင့် ကျွန်မအတွက်တော့ ဂေဟာစနစ်နဲ့ လိုက်လျောညီထွေရှိတဲ့ ဂေဟာရွာ (Eco-village) စနစ်ကို လူ့အဖွဲ့အစည်းတွေမှာ စတင်မွေးစားပုံသွင်းနေတဲ့ လှုပ်ရှားမှုကို ဒေသမူပြုခြင်းရဲ့ အသည်းနှလုံးပဲလို့ ထင်ပါတယ်။ အချို့လူသားတွေအနေနဲ့ အချို့ကိစ္စတွေမှာ အသက်မရှင်တတ်၊ မတွေ့ကြုံဖူးတာတွေရှိပါတယ်။ သို့သော် အချို့ကိစ္စတွေကို ရည်မှန်းချက်တစ်ခု လို၊ စံနမူနာတစ်ခုလို၊ ဥပမာတစ်ခုလို လက်ကိုင်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



မျိုး ကျွန်မတို့လူသားတွေဆီမှာ လိုအပ်ပါတယ်။ လူအချို့ဟာ မြို့ပေါ်မှာ နေထိုင်လင့်ကစား လူမှုအဖွဲ့အစည်းစိတ်ဓာတ်ကို ပြန်တည်ဆောက်လို့ ရနိုင်ပါတယ်။ ဂေဟစနစ်နဲ့ ကိုက်ညီတဲ့ ဘဝဦးတည်ချက်လမ်းကြောင်းတွေနဲ့ စတင်အသက်ရှင်လို့ ရနိုင်ပါတယ်။ ကိုယ့်အနီးအနားမှာရှိတဲ့ လယ်သမားတွေ၊ ယာသမားတွေနဲ့ ချိတ်ဆက်လုပ်ဆောင်လို့ ရနေပါတယ်။ နယူးယောက်၊ လန်ဒန်နဲ့ ပဲရစ်မြို့တွေမှာ စတင်လုပ်ဆောင်နေကြပါပြီ။ အဲဒီလှုပ်ရှားမှုမျိုးကို ကျွန်မတို့က အမြန်ဆုံး တွန်းအားပေးကူညီဖို့ လိုပါတယ်။

ဂေဟရွာ (Eco-village) လှုပ်ရှားမှုကနေ လူမှုအဖွဲ့အစည်းအတွက် ခိုင်မာတောင့်တင်းတဲ့ အရင်းအမြစ်တွေကို လူသားတွေအတွက် အမှန်တကယ် ပေးစွမ်းနိုင်ပြီး အဲဒီအဖွဲ့အစည်းတွေမှာ နေထိုင်သူတွေက စံပြတွေဖြစ်ပါတယ်။ အတိအကျပြောရရင် နယူးယောက်ရဲ့ မြို့ပြစတိုင်လွှမ်းမိုးခံရတဲ့၊ အမေရိကန်ရဲ့ ဝယ်ယူစားသုံးသူယဉ်ကျေးမှု ထွန်းကားစပြုတဲ့ တောင်ကမ္ဘာခြမ်း (သို့) တတိယနိုင်ငံတွေမှာ ဖြစ်တယ်။ သူတို့တွေအနေနဲ့ အဲဒီလို အသက်ရှင်လို့ အနောက်ကျောက်ခေတ်ကို ပြန်သွားနေတာလား၊ ရှေးရိုးဆန်တာလားနဲ့ သိမ်ငယ်သလိုမျိုး ခံစားရရှာတယ်။ ဂေဟရွာ (Eco-village) စနစ်ကို လက်ကိုင်ထားနိုင်ဖို့အတွက် အနောက်နိုင်ငံအုပ်စုကတော့ ရွာပုံစံမျိုး၊ ဂေဟစနစ်နဲ့ ကိုက်ညီတဲ့ လူနေမှုပုံစံကို တည်ဆောက်အသက်ရှင်ကြတယ်။ အမှန်တော့ အဲဒီလိုအသက်ရှင်နေထိုင်မှုဟာ အရမ်းကိုအရေးကြီးပြီး တန်ဖိုးရှိတဲ့၊ စစ်မှန်တဲ့အသက်ရှင်မှုပဲ ဖြစ်ပါတယ်။ အခုတော့ ဂေဟရွာစနစ်ပညာရေး (Eco-village Education) ဟာ လက်စွဲတစ်ခုလို ဖြစ်နေပါပြီ။ သင်ရိုးညွှန်းတမ်းတွေကလည်း ဂေဟရွာစနစ်ကို စတင်ထူထောင်လိုတဲ့ လူတွေအတွက် လေ့လာသင့်၊ သိသင့်တဲ့ အကြောင်းအရာတွေပဲဖြစ်ပါတယ်။ အခုတော့ အဲဒီလိုမျိုး လူမှုအဖွဲ့အစည်းတွေကို ရှိနှင့်ပြီးသား တတိယနိုင်ငံက လူမှုအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပေးရတော့မယ်။

တောင်ကမ္ဘာခြမ်းနဲ့ မြောက်ကမ္ဘာခြမ်း အချင်းချင်းဖလှယ်လို့ ရသွားတာမျိုးကို အခုစတင်နေပါတယ်။ ဒါဟာ လွန်ခဲ့တဲ့ နှစ်ပေါင်းသုံးဆယ်လောက်



www.burmeseclassic.com

www.burmeseclassic.com



ကတည်းက လာဒါတ်မှာ လုပ်ဆောင်နေတဲ့ ကျွန်မတို့လုပ်ငန်းတွေရဲ့ အသည်းနှလုံးပဲ ဖြစ်ပါတယ်။ ကျွန်မတို့အနေနဲ့ ကိုယ့်ကိုယ်ကို လေးစားမှုရှိလာအောင်၊ ရိုးရာအတိုင်း ဂေဟာစနစ်နဲ့ ကိုက်ညီပြီးသား ဂေဟာရွာတွေကို ဘယ်လိုတွန်းအားပေး၊ ကူညီနေသလဲဆိုတာကို အနောက်အုပ်စုတွေကို ပြန်လည်ပြသတာဖြစ်တယ်။ ဂေဟာရွာ (Eco-village) စနစ်ထူထောင်ခြင်းဟာ အမှန်တကယ်တိုးတက်မှုရှိနေပါတယ်။ ခေတ်နောက်ပြန်ဆွဲနေတယ်လို့ထင်ပြီး ရှက်နေရမယ့် ကိစ္စလုံးဝ မဟုတ်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com





# ရှေးခေတ်လေးမြို့၏အဆောက်အဦများ

www.burmeseclassic.com

www.burmeseclassic.com



# အခန်း(၁၁)

## ဂေဟရွာ၏အခန်းကဏ္ဍ (၂)
## (The Role of Eco-village II)

မေး- ဒါဆိုရင် တတိယကမ္ဘာ့ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ရှိနေတဲ့ ရှေးရိုးဆန်တဲ့ကျေးရွာတွေဟာ ဂေဟကျေးရွာတစ်မျိုးဖြစ်ပြီးသားလို့ ပြောချင်တာလား။ ဒါမှမဟုတ် ထပ်ပြီး ထူထောင်ရဦးမှာလား။

ဖြေ- ဂေဟရွာ (Eco-village) စနစ် ထူထောင်ခြင်းလှုပ်ရှားမှုဟာ အလွန်အရေးကြီးပါတယ်။ ဘာလို့လဲဆိုတော့ ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်သောက်က မြေကြီးနဲ့ ထိစပ်တဲ့အပိုင်းမှာ ဆက်စပ်နေထိုင်ဆဲမို့လို့ပဲ ဖြစ်ပါတယ်။ အထူးသဖြင့်ပြောရရင် တောင်ကမ္ဘာခြမ်း (သို့) တတိယနိုင်ငံတွေမှာ ဖြစ်ပါတယ်။ အနောက်အုပ်စုက လူသားတွေဟာ သူတို့ (တောင်ကမ္ဘာခြမ်းနဲ့ တတိယနိုင်ငံတွေ) နည်းတူကြိုးစားပြီး နေထိုင်လာကြပြီဆိုတာကို သိဖို့လိုလာပြီ။ အမေရိကန်ရဲ့ ဝယ်ယူစားသုံးခြင်းယဉ်ကျေးမှု၊ မြို့ပြတိုက်တာကြီးတွေ၊ မော်တော်ကားတွေ၊ အမှိုက်စာ (အသင့်စားအစာ) တွေ၊ ပလတ်စတစ်

www.burmeseclassic.com



ယဉ်ကျေးမှုတွေကိုအားကျပြီး ဒါတွေကို လိုက်ပြီးလုပ်နိုင်မှ တိုးတက်တယ်။ လူဖြစ်ကျိုးနပ်မယ်လို့ ယူဆကြတဲ့ တောင်ကမ္ဘာခြမ်း (သို့) တတိယနိုင်ငံတွေက သူတို့တွေ (အနောက်အုပ်စု) သိထားဖို့ အမှန်လိုအပ်နေပါပြီ။

တတိယနိုင်ငံတွေမှာ ရှိပြီးသား ကညာစင်ဂေဟစနစ်နဲ့ သဟဇာတကျတဲ့ လူ့အဖွဲ့အစည်းတွေ ရှိနှင့်ပြီးသားဖြစ်တယ်။ ကျွန်မတို့ တစ်ခါမှမမြင်ဖူးတဲ့ လူ့အဖွဲ့အစည်းတချို့တောင် ရှိသေးတယ်။ သူတို့တွေဟာ ရှေးကျတယ်၊ ခေတ်နောက်ကျတယ်၊ လူရိုင်းတွေ၊ မယဉ်ကျေးဘူးလို့ အထင်ခံရတာမျိုး ရှိခဲ့တယ်။ ဒါကြောင့် သူတို့ရဲ့ ဖြစ်တည်မှုကို သူတို့ရှက်ကြတယ်။ သားသမီးတွေက သူတို့ရဲ့ ရိုးရာအစားအစာတွေ၊ အဝတ်အထည်တွေ၊ ဘာသာစကားတွေ၊ အသွားအရောင်တွေကို စားဖို့၊ ဝတ်ဆင်ဖို့၊ ပြောဆိုဖို့၊ လက်ခံဖို့ ငြင်းဆန်လာကြတယ်။ အဲဒီပြဿနာကို ဖြေရှင်းဖို့ ဂေဟရွာ (Eco-village) စနစ် ထူထောင်ခြင်းဟာ ထိရောက်တဲ့စနစ်တစ်ခု ဖြစ်တယ်။ ဒါကြောင့်လည်း တတိယနိုင်ငံက လာသည်ဖြစ်စေ၊ ပဲရစ်၊ လန်ဒန်၊ နယူးယောက်က လာသည်ဖြစ်စေ ဂေဟရွာ (Eco-village) ထဲကို ရောက်ရင် တူညီတဲ့ခံစားမှုတွေကို ရရှိသွားတာဟာ အံ့အားသင့်စရာတော့ မဟုတ်ပါဘူး။ လူ့ဘဝမှာ တကယ်ရသင့်တဲ့ ပျော်ရွှင်မှု၊ ကျေနပ်မှုတွေနဲ့ ရရှိသွားကြတာချည်းပါပဲ။ လူ့ဘဝမှာ လူတိုင်း ဒီလိုနေထိုင်သွားချင်တာပဲ မဟုတ်လား။ လူသားဆန်မှုများလာလေလေ ကမ္ဘာမြေကြီးနဲ့ သူတစ်ပါးနဲ့ ဆက်သွယ်ဆက်ဆံခြင်းမှာ ပိုမိုကျစ်လစ်ခိုင်မာပြီး အဓိပ္ပာယ်ရှိလာလေလေပဲ ဖြစ်ပါတယ်။ အဲဒီဘဝမျိုးကို မျှော်လင့် စောင့်စားတာဟာ အပြစ်မဟုတ်ပါဘူး။ လူတိုင်းအဲဒီချိတ်ဆက်ခံစားမှုကို လိုချင်ကြတာဟာ သဘာဝတစ်ခုလို ဖြစ်လို့ နေပါတယ်။

📖 📖 📖



www.burmeseclassic.com

www.burmeseclassic.com





လာဒါတ်ဒေသမှ အဘွားအိုနှင့် ကလေးငယ်

www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၂)

# လူသားတန်ဖိုး
# (Human Values)

မေး- ဒီဘက်ခေတ်ရဲ့ တန်ဖိုးဆိုတာကို ဆရာမအနေနဲ့ ဘယ်လိုနားလည်ပါသလဲ။

ဖြေ- ကျွန်မတစ်ယောက်အနေနဲ့ ယုံကြည်တာကတော့ တစ်စုံတစ်ခုသော အခြေအနေတစ်ခုဟာ ကျွန်မတို့ခေတ်ထဲကို ရောက်လာနေပြီ။ အရမ်းအရှိန်ကို မြန်ဆန်နေပြီ။ အပြိုင်အဆိုင်နဲ့ အောင်မြင်သူတွေ၊ အဆင့်မြင့်မြင့်မြို့ပြဆန်သူတွေ၊ ဘဝမှာ ခြေရာကြီးသူ၊ ခြေလှမ်းကျဲသူတွေဟာ ချမ်းသာပေမယ့် စိတ်မချမ်းသာဘူးဆိုတာကို တွေ့ရပါတယ်။ အဲဒီလိုဘဝမျိုးနဲ့ အသက်ရှင်နေတဲ့လူတွေ များလာပြီလို့ ခံစားမိပါတယ်။ ဒါက ဘာကိုဖော်ညွှန်းနေတာလဲ ငွေကြေးကြည့်ရင် စိတ်ခံစားမှုပိုင်းဆိုင်ရာမှာ ကျဆင်းလာတာ၊ အကြမ်းဖက်မှုများလာတာ၊ စိတ်ကျမှုတွေ များလာတာဖြစ်တယ်။ အဓိကအချက်ကတော့ သူတွေမပျော်ဘူးဆိုတဲ့ အချက်ပါပဲ။ ဘာဖြစ်လို့လဲဆိုတော့ သူတို့နားလည်ထား

www.burmeseclassic.com



တာက သူတို့ဟာ ထိပ်ဆုံးက တစ်စုံတစ်ယောက်တော့ ဖြစ်ရမယ်။ တစ်စုံတစ်ယောက်ဖြစ်ရမယ် ဆိုတာက ဘာကိုရည်ညွှန်းတာလဲ။

ချမ်းသာရမယ်၊ ကျော်ကြားအောင်မြင်ရမယ်။ အဲဒီမှာ သံသယရှိစရာနည်းနည်းရှိပါတယ်။ ပျော်ရွှင်တဲ့စိတ် နိုးကြားတက်ကြွလာဖို့အတွက် အများရဲ့ချစ်ခြင်းကိုခံရမှု၊ အသိအမှတ်ပြုခြင်းကိုခံရမှု ရနိုင်လိမ့်မယ်မဟုတ်လား။ ရုပ်ဝတ္ထုပစ္စည်းတွေက သူတို့ရဲ့ဘဝကို ပျော်ရွှင်အောင် လုပ်ပေးနိုင်မယ်လို့ယုံကြည်တဲ့သူက နည်းနည်းလေးပဲရှိတာပါ။ ဒါပေမယ့် လူတွေရဲ့ တစ်ကိုယ်တည်းယုံကြည်ခံယူမှုကတော့ အကယ်၍ သူတို့သာ ကားစီးနိုင်ရင်၊ ပိုက်ဆံအများကြီးရှာနိုင်ရင်၊ လူတွေအသိအမှတ်ပြုခြင်းကို များများရမယ်၊ ပျော်ရွှင်မယ်ဆိုတဲ့ စိတ်အစွဲအလမ်း ဓာတ်အခံက သွေးထဲမှာ စီးဆင်းနေတာမျိုး ဖြစ်နေကြတယ်။ အဲဒီစိတ်နဲ့ပဲ လူတွေက ပြေးလွှားနေကြတာဖြစ်တယ်။ ပြီးတော့ ရှိသေးတယ်။ လူတွေရဲ့ ချန်ထားခြင်းကို ခံရမှာ၊ ပိုက်ဆံမလုံလောက်လို့ သားသမီးတွေကိုကျောင်းမထားနိုင်မှာ၊ လူတန်းစေ့မနေနိုင်မှာ၊ သင့်တင့်လျောက်ပတ်တဲ့ အလုပ်နားရက်မရမှာ အမှန်တကယ် ကြောက်ရွံ့နေကြရပါတယ်။

ကမ္ဘာမှာ လူတွေထောက်ခံနေတဲ့ စနစ်ကိုက လူတွေကို မတည်မြဲတဲ့ ဆန့်ကျင်ဘက်နံရံတွေမှာမှီခိုဖို့ သိစိတ်နဲ့ဖြစ်စေ၊ မသိစိတ်နဲ့ဖြစ်စေ တွန်းပို့နေတာဖြစ်တယ်။ သဘာဝအရသာကို ခံစားရတဲ့နေရာမှာ ခံစားမှုလွတ်လပ်တယ်။ အသိုင်းအဝိုင်းလေးကောင်းရင် ခံစားမှုပိုင်းမှာ ဖိမ်ကျကျဖြစ်လာနိုင်တယ်။ ဒါပေမယ့် အဲဒီအရာတွေအားလုံးက အလကားရတာ တစ်ခုမှမရှိတော့ဘူး။ ပိုက်ဆံတော့ပေးရတယ်။ တချို့ကိစ္စတွေဟာ ဘုရားပေးထားတဲ့ အခွင့်အရေးအဖြစ် တစ်ခါတစ်လေတော့ စဉ်းစားသင့်တယ်။

*လူတွေမှာ တွေးတတ်တဲ့ဦးနှောက်ရှိပေမယ့် တည်တံ့မှုမရှိတဲ့စနစ်တွေကို ကြိုက်မှန်းမသိ ခင်တွယ်သွားကြတာမျိုးဟာ ဘယ်သူ့ကြောင့်လို့ ထင်ပါသလဲ။ ကျွန်မတို့ပတ်ဝန်းကျင်မှာ ဓာတုဗေဒဆေးဝါးမပါတဲ့ အစားအစာ၊*



www.burmeseclassic.com

www.burmeseclassic.com



*သီချင်း၊ အကပဒေသာ၊ သဘာဝကပေးတဲ့ ဆောက်လုပ်ရေးကိရိယာ၊ အဓိပ္ပာယ်ရှိတဲ့အလုပ်၊ ဖြည်းဖြည်းမှန်မှန်နဲ့ တိုးတက်တဲ့ ဘဝအသက်ရှင်မှု တွေ မရှိသလောက် ရှားပါးနေတယ်။ အဲဒါတွေအားလုံးကို ကျွန်မတို့ပတ်ဝန်းကျင်မှာ ရနိုင်ပါတယ်။ ဒါပေမယ့် ကျွန်မတို့ နားလည်ထားရမှာက ကျွန်မတို့ အခု လက်ခံယုံကြည်တဲ့အရာတွေဟာ ကျွန်မတို့ဘဝကို အကျဉ်းကျစေတယ် ဆိုတဲ့ အချက်ပါပဲ။*

အဲဒါတွေကို ကျွန်မတို့ ဘယ်လောက်နားလည်သလဲ ဆိုတာက မေးစရာဖြစ်ပါတယ်။ ပြီးတော့ အဲဒါတွေကို လုံးဝပဲလို့ ငြင်းဆန်တတ်ဖို့လိုတယ်။ ကျွန်မတို့နဲ့ အပြုသဘောဆောင်တဲ့ ပြောင်းလဲခြင်း ကြားမှာရှိတဲ့ ကြီးမားတဲ့စိန်ခေါ်ချက်ကတော့ နားလည်မှုရှိခြင်းနှင့် မျှော်မှန်းချက်ဖြင့် လုပ်ဆောင်ခြင်းရှိဖို့ပါပဲ။ အဲဒီနှစ်ခုသာမရှိရင် ကျွန်မတို့ ဘာမှဆက်မလုပ်နိုင်တော့ဘူး။ အခုတော့ အဲဒီနှစ်ခုက ကျွန်မကို မျှော်လင့်ချက် အများကြီးပေးလိုက်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မတို့မှာ အခက်အခဲဖြစ်နေတာက လူအများစုမှာ ဖြစ်နေတဲ့ ငွေကြေးလောဘမဟုတ်၊ ပြိုင်ဆိုင်ခြင်းမဟုတ်လို့ပဲ ဖြစ်ပါတယ်။

သနားစရာကောင်းတဲ့ လူအများကြီး ရှိနေတယ်။ သူတစ်ပါးကြောင့် ဘဝနွံနစ်နေသူ၊ အသိနွံနစ်နေသူ၊ မေတ္တာတရားကို မခံစားရ သူတွေဖြစ်တယ်။ သူတို့တွေဟာ ပြုပြင်ပြောင်းလဲရေးအတွက် ကြီးမားတဲ့ အနှောင့်အယှက်ပဲ ဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်မယုံပါတယ်။ အဲဒီလိုလူတွေက အနည်းစုဖြစ်တယ် ဆိုတာကိုပါ။ လူအများစုကတော့ ထပ်ခါထပ်ခါ သင်ယူလေ့လာရင်း သိလာရတာတွေ၊ အတွေ့အကြုံတွေကြောင့် သူတို့ဘဝမှာ အရေးကြီးဆုံးက ဘာလဲဆိုတဲ့ မေးခွန်းကို ဖြေကြားတဲ့သူအများစုက ကောင်းတဲ့မိသားစု၊ မိတ်ဆွေဖွဲ့ခြင်းနဲ့ လူ့အဖွဲ့အစည်းမှာ အတူတကွလုပ်ဆောင်ခြင်း၊ အနားယူဖို့၊ အသစ်ရှာဖို့၊ ပျော်ရွှင်ဖို့၊ ဝေမျှဖို့၊ သံစဉ်တေးသွားနားဆင်ဖို့၊ ကဖို့၊ သဘာဝနဲ့နေဖို့ အချိန် ဖြစ်တယ်လို့ တစ်ကမ္ဘာလုံးက ဖြေကြတယ်။ ဒါတွေဟာ ကမ္ဘာလုံးဆိုင်ရာ တန်ဖိုး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ လူအများစုက လက်ခံထားတာဖြစ်ပါတယ်။ အခြေအနေ အခွင့်အရေးပေးရင် အဲဒီဘဝတွေကို ရအောင်ယူချင်ကြတာချည်းပါပဲ။ အားလုံး ပျော်ရွှင်နိုင်ပါစေ။

ကျေးဇူးတင်ပါတယ်။ ဗင်နီကာ၊ နာမာစတယ်။

ဘာသာပြန်ဆိုသူ
မြင့်မိုရ်မေတ္တာ (လှိုင်ကော်)

□ □ □

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



# ဆက်လက်လေ့လာလိုပါက

## World Wide Website

Helena Norberg-Hodge - Wikipedia, the free encyclopedia.htm
www.localfuture.org
www.theecologist.org
www.rightlivelihoodaward.org
www.ifg.org
www.ecoconmia.rai.it
www.gen.ecovillage.org

## စာအုပ်နှင့် ရုပ်ရှင်များ (Books and Movies)

Ancient Future: Learning from Ladakh
The Economic of Happiness



www.burmeseclassic.com